ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် ကြာသပတေးနေ့ | 19, Thursday May 2016 | (၈၅၆၆)

**ကောင်းမှုပြည့်၏**

အနည်းငယ်သောကောင်းမှုသည်(ငါ့အား) အကျိုးသက်ရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၁၂၂)



# ရုရှား-အာဆီယံဆက်ဆံရေး နှစ် (၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှားနိုင်ငံသို့ထွက်ခွာ

စာမျက်နှာ - ၃

## မြန်မာ-စင်ကာပူ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

# မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများနှင့် ပတ်သက်၍ စိုးရိမ်စရာမရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**နေပြည်တော် မေ ၁၈**

ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို မြန်မာ - စင်ကာပူ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရှစ်ရှ်နန်တို့ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် (၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး၊ ကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-စင်ကာပူ အသက်မွေးပညာသင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပူးတွဲသတင်းစာရှင်းလင်းပွဲကိုပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ထောင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက အစိုးရသစ်၏ စနစ်ကျသည့် စီမံအုပ်ချုပ်မှုနှင့် စွန့်လွှတ်စွန့်စားမှုများသည် မျိုးဆက်သစ်များအတွက် စံနမူနာဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံပြည်သူအချင်းချင်း နီးကပ်သည့်ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သတင်းထောက်များ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားရာတွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက မြန်မာ-စင်ကာပူ နှစ်နိုင်ငံစလုံးမှာ

စာမျက်နှာ ၃ ကော်လံ ၁ သို့



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန်ဘာလာခရှစ်ရှ်နန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ရေရှည်အကျိုးဖြစ်စေသော
## ဓာတ်သတ္တုနှင့် သစ်တောထုတ်လုပ်မှုဖြစ်ပေါ်ရေး၊
## ပတ်ဝန်းကျင်စီမံလန်းရေးတို့လုပ်မည့် ရက် ၁၀၀ စီမံကိန်း

စာမျက်နှာ
၁၆
၁၇



ကြေးမုံ

# အနာဂတ်အတွက် ဝိုင်းဝန်းပျိုးထောင်

ဒီမိုကရေစီနိုင်ငံသစ်ကို ပြုပြင်ပြောင်းလဲတည်ဆောက်ရာတွင် အတွေ့အကြုံနှင့် အမြော်အမြင်ရှိသော လူကြီးလူကောင်းများက နိုင်ငံသစ်ကို ပုံဖော်ထုဆစ်၍ အခြေခံအုတ်မြစ်ခိုင်မာအောင် ဖော်ဆောင်ပေးနေသည်ကို မြင်တွေ့နေရသည်။ ခိုင်မာသောနိုင်ငံကို တည်ဆောက်ပြီးပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကို လူငယ်လူရွယ်များကသာ ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အရေအတွက်များပြားသော အင်အားစုမှာ ကလေးသူငယ်နှင့် လူငယ်လူရွယ်များဖြစ်ကြသည်။ ထိုငယ်ရွယ်သူများမှာ သန့်ရှင်းဖြူစင် အရောင်ဆိုးခြင်းမရှိသေးသူများဖြစ်၍ အနာဂတ်အတွက် အားထားဖွယ်ရာ လိုရာပုံကို ထုဆစ်ဖန်တီးပေးနိုင်၏။ ထို့ကြောင့် ငယ်ရွယ်နုနယ်သော လူငယ်လူရွယ်များအား လမ်းမှားသို့ မရောက်စေရန်၊ အရောင်မဆိုးပေးမိစေရန် အထူးအရေးကြီး၏။ မျက်မှောက်ကာလ အရွယ်မရောက်သေးသော ကလေးသူငယ်များအား မှန်ကန်သော အသိအမြင် ဗဟုသုတတိုးပွားပြီး လမ်းမှန်သို့ ပို့ဆောင်ပေးနိုင်ပါလျှင် တောက်ပြောင်လင်းလက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာမည်မှာ မလွဲဧကန် အမှန်ဖြစ်၏။ သို့ဖြစ်၍ လူငယ်လူရွယ်များအား လမ်းမှန်ပို့ဆောင်ပေးရန် ကျွန်ုပ်တို့လူကြီးများအားလုံးတွင် တာဝန်ရှိပေသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အသက် (၁၀)နှစ်မှ (၁၉)နှစ်အရွယ်ရှိသော ဆယ်ကျော်သက် လူဦးရေမှာ နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၂၁ ဒသမ ၄၆ ရာခိုင်နှုန်းရှိသဖြင့် အနာဂတ်နိုင်ငံတော်အတွက် ကြီးမားသောအင်အားဖြစ်သည်။ ထို့ကြောင့် လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးပြုသော လူကြီးများဖြစ်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်က "နိုင်ငံ့အနာဂတ်တိုးတက်ဖို့ ဆယ်ကျော်သက်ကဏ္ဍ မြှင့်တင်စို့"ဆောင်ပုဒ်ပြုထားသည်မှာ လျောကန်သင့်မြတ်လှသည်။

ဖော်ပြပါ ဆယ်ကျော်သက်အရွယ် ကလေးသူငယ်များတွင် အထောက်အပံ့ကောင်းနှင့် မှန်ကန်သောပတ်ဝန်းကျင်ကြောင့် လမ်းမှန်ပေါ်သို့ ရောက်ရှိနေသော လူငယ်လူရွယ်များထက် အမှီအခို အထောက်အပံ့မဲ့ပြီး ပတ်ဝန်းကျင်ကောင်းနှင့် ကင်းကွာနေသော ငယ်ရွယ်သူများမှာ ပိုများနေသည်။ ဆယ်ကျော်သက်အရွယ်ဆိုသည်မှာ ကလေးနှင့် လူငယ်ကြားအရွယ်များဖြစ်၍ စိတ်ရောခန္ဓာပါ ထိလွယ်ရှလွယ်ပြီး အပြောင်းအလဲမြန်သောအရွယ်ဖြစ်သည်။ အချို့လူငယ်များမှာ အမှားများနှင့် ကြုံတွေ့တတ်သောကြောင့် လမ်းမှန်ပေါ်သို့ရောက်အောင် ဝိုင်းဝန်းထိန်းကျောင်းပေးဖို့လိုသလို အမူအကျင့်ကောင်းများ ဖြစ်ထွန်းရန်အတွက် အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးရန် လိုပေမည်။

လေလွင့်ကလေးသူငယ်များ၊ အားကိုးရာမဲ့ ကလေးသူငယ်များ၊ အရွယ်မရောက်မီ ဘဝအတွက် ရုန်းကန်နေရသော ကလေးသူငယ်များအား ဝိုင်းဝန်းကယ်တင်စောင့်ရှောက်ပေးရန် လိုအပ်လာသည်။ ထိလွယ်ရှလွယ်သော ကလေးလူငယ်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် နိုင်ငံတစ်ဝန်း လူငယ်သင်တန်းကျောင်း ၁၀ ကျောင်း ဖွင့်လှစ်ပြီး သင်တန်းကျောင်းအခြေပြု စောင့်ရှောက်ခြင်း၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၂၂၅ ခုဖွင့်လှစ်ထောက်ပံ့ပေးခြင်းနှင့် လူငယ်များ ရပ်ရွာအတွင်း ပြန်လည်ဝင်ဆန့်ပေါင်းစည်းရေး ဆောင်ရွက်ခြင်း၊ ကလေးသူငယ်များအား အကာအကွယ်ပေးနိုင်ရန် ကလေးသူငယ်ဥပဒေ ထုတ်ပြန်ပြီးဖြစ်သော်လည်း ခေတ်နှင့်မလျော်ညီတော့သဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နေသည်မှာ သင့်လျော်ကောင်းမွန်သည်။

တစ်ဖက်တွင် ဆယ်ကျော်သက်လူငယ်များကိုယ်တိုင် မိမိတို့၏ ထင်မြင်ယူဆချက်များကို ဖော်ထုတ်၍ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဆယ်ကျော်သက်လူငယ်ကွန်ရက်တစ်ခု ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို ကြိုဆိုရမည်ဖြစ်သလို ပြည်သူလူထုတစ်ရပ်လုံးက ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်၏ အနာဂတ်အရေးအဖြစ် ရှုမြင်ပြီး ပိုမိုအာရုံစိုက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## အစုရှယ်ယာများကို အများပြည်သူသို့ရောင်းချရာတွင် အသုံးပြုမည့် ညွှန်ကြားချက်အမှတ်(၅/၂၀၁၆) ထုတ်ပြန်

**ရန်ကုန် မေ ၁၈**

ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း(၁၃)၊ ပုဒ်မ ၇၁(ခ)အရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရာတွင် အသုံးပြုရမည့် အလားအလာညွှန်းတမ်းပုံစံ ညွှန်ကြားချက်(၅/၂၀၁၆) ကို ဧပြီ ၇ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါညွှန်ကြားချက်၌ အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရာတွင် ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်၏ ညွှန်ကြားချက်ပါ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အလားအလာညွှန်းတမ်း ပုံစံ(က)၊ ပုံစံ(ခ)အတိုင်း ပြင်ဆင်၍ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၃၅(က)အရ ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြအတည်ပြုချက်ရယူရန် လိုအပ်ကြောင်းနှင့် ညွှန်ကြားချက်အမှတ်(၅/၂၀၁၆) နှင့် အလားအလာညွှန်းတမ်းပုံစံ(က)၊ ပုံစံ(ခ) အပြည့်အစုံကို www.secm.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဘုန်းကြီးကျောင်းများသို့ သောက်ရေသန့်ဘူးများ လှူဒါန်း



**နေပြည်တော် မေ ၁၈**

ရေရှားပါးမှုများ ကြုံတွေ့နေရသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာနှင့် ဘုန်းကြီးကျောင်းသုံးကျောင်းသို့ ငွေကျပ် ၅၄ သိန်းတန်ဖိုးရှိ ရေသန့်ဘူးကြီး ဘူးခွံအပါအဝင် ဘူး ၉၀၀ ကို ယနေ့နံနက်ပိုင်းက လာရောက်လှူဒါန်းကြောင်း သိရသည်။

သိရောမဏိကျောက်မျက် ရတနာကုမ္ပဏီမှ ဦးထွန်းထွန်း-ဒေါ်ဝေဝေ မိသားစုက ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာသို့ ငွေကျပ် ၂၇ သိန်းတန်ဖိုးရှိ ရေသန့်ဘူးကြီး ဘူးခွံအပါ ဘူး ၄၅၀ ကိုလည်းကောင်း၊ နန်းသြကျေးရွာဘုန်းကြီးကျောင်း (တောင်ကျောင်း)သို့ ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ရေသန့်ဘူးကြီး ဘူးခွံအပါ ဘူး ၅၀ နှင့် ငွေကျပ် ကိုးသောင်းကိုလည်းကောင်း၊ နန်းသြကျေးရွာ ဘုန်းကြီးကျောင်း(မြောက်ကျောင်း)သို့ ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ရေသန့်ဘူးကြီး ဘူးခွံအပါ ဘူး ၅၀ နှင့် ငွေကျပ် ကိုးသောင်းကိုလည်းကောင်း၊ ခေတ်အေးကျေးရွာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတသာသနာပြုကျောင်းသို့ ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ ရေသန့်ဘူးကြီး ဘူးခွံအပါ ဘူး ၁၀၀ နှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဒိုးပင်ခုံကျေးရွာသို့ ငွေကျပ် ၁၅ သိန်း တန်ဖိုးရှိ ရေသန့်ဘူးကြီး ဘူးခွံအပါ ဘူး ၂၅၀ ကိုလည်းကောင်း သွားရောက်လှူဒါန်းကြသည်။

"၂၀၀၅ ခုနှစ်ကစပြီး နှစ်စဉ်နွေရာသီရောက်တိုင်း ရေအခက်အခဲဖြစ်နေတယ်။ ဒီနှစ်က အပူချိန်မြင့်တော့ ပိုဆိုးတယ်။ ရေလှူမယ့် အလှူရှင်တွေကိုပဲ မျှော်နေရတယ်။ ရေလာလှူကြတယ်ဆိုရင် တစ်ရွာလုံးဝမ်းသာပျော်ရွှင် နေကြတယ်"ဟု နန်းသြကျေးရွာမှ ဒေါ်ခင်ခင်ရီက ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာတွင် အိမ်ခြေ ၁၇၉၄ အိမ်၊ အိမ်ထောင်စု ၁၂၉၃ စု၊ လူဦးရေ ၆၄၂၅ ဦး နေထိုင်ကြသည်။ ယင်းကျေးရွာတွင် သောက်သုံးရေအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲထွန်း၏ စက်ရေတွင်းမှပေးဝေသော ရေကိုသာ အဓိကထားသုံးစွဲနေရသည်။ ကျေးရွာရေရရှိရေးအတွက် တာဝန်ရှိသူများနှင့် အလှူရှင်များလာရောက်ပြီး စက်ရေတွင်းအသစ်များ တူးဖော်ပေးသော်လည်း ရေထွက်သည့်နေရာ ရှားပါးနေသည်။ ကျေးရွာလူဦးရေနှင့် ရေရရှိမှု မလုံလောက်သဖြင့် သောက်သုံးရေအတွက် အခက်အခဲဖြစ်နေကြောင်း သိရသည်။ **(ကြေးမုံ)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ရုရှား-အာဆီယံဆက်ဆံရေး နှစ် (၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှားနိုင်ငံသို့ထွက်ခွာ



**ရန်ကုန် မေ ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ ကျင်းပမည့် ရုရှား-အာဆီယံဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရ ဦးတင်ဦး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗာစီလီ ဘီ ပေါ့စ်ပီလော့ဗ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ယခုကျင်းပမည့် ရုရှား -အာဆီယံဆက်ဆံရေး နှစ် (၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်နှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



မြန်မာ-စင်ကာပူနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

**❒ ရှေ့ဖုံးမှ**

အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး တူညီသည့်အတွေ့အကြုံများနှင့် နီးကပ်သည့် စီးပွားရေးဆက်ဆံမှုများလည်း ရှိပါကြောင်း၊ အခြေခံအဆောက်အအုံ နယ်ပယ်တွင် စင်ကာပူနိုင်ငံက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လျက်ရှိသကဲ့သို့ မြန်မာလူငယ်များအတွက် ပညာရေးနှင့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပေးပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိပါကြောင်း၊ ထိုပိတ်ဆို့မှုများ အချိန်တန်ပါက ရုပ်သိမ်းသွားမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲ အဟန့်အတားများကို ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားရန် ဆန္ဒရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညပိုင်းတွင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲကို Park Royal ဟိုတယ်၌ ပြုလုပ်ခဲ့သည်။ **(သတင်းစဉ်)**

## ရုရှားရေတပ်မှ စစ်ရေယာဉ် သုံးစင်း ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်မည့် ရုရှားရေတပ်မှစစ်ရေယာဉ် Admiral Vinogradov၊ Fotiy Krylov နှင့် IRKUT စစ်ရေယာဉ် သုံးစင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သန်လျင်သီလဝါ ဆိပ်ကမ်းသို့ရောက်ရှိရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်တွင် ရုရှားနိုင်ငံရေတပ် Russian Pacific Fleet မှ Captain First rank Alexander Potapov ဦးစီး၍ အရာရှိ ၄၂ ဦး၊ အခြားအဆင့် ၃၂၁ ဦးနှင့် အရပ်သားရေယာဉ်ဝန်ထမ်း ၁၁၃ ဦးတို့လိုက်ပါလာပြီး မေ ၂၂ ရက်ထိ နေထိုင်၍ လေ့လာလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

**❖ နေပြည်တော်မှ**

ဆက်လက်ချီတက်ခြင်းမပြုရန် အသံချဲ့စက်ဖြင့် မေတ္တာရပ်ခံသော်လည်း ဆန္ဒပြသမားများက ဆက်လက်ချီတက်ခဲ့ကြသည်။ နံနက် ၉ နာရီ မိနစ် ၄၀ခန့်တွင် မိုင်တိုင် (၂၈၄/၄) အရောက် စေ့စပ်ညှိနှိုင်းရေးအဖွဲ့က တရားဥပဒေနှင့်အညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှုကို ဆန္ဒပြအလုပ်သမားများက လက်မခံဘဲ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံလိုကြောင်း ထပ်မံတောင်းဆိုရာ စေ့စပ်ညှိနှိုင်းရေးအဖွဲ့က သဘောတူညီခဲ့ကြသည်။

နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တပ်ကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အလုပ်သမားခေါင်းဆောင်ငါးဦးနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ကြားခဲ့ရာ ဆန္ဒပြအလုပ်သမားအဖွဲ့က လက်မခံဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တားဆီးထားသည့် လုံခြုံရေးဂိတ်ကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖြတ်ကျော်ဝင်ရောက်ကြသူများအား နေပြည်တော်အတွင်း မဝင်ရောက်ရန်နှင့် နေရပ်သို့ ပြန်လည်ထွက်ခွာရန် ညှိနှိုင်းသော်လည်း လိုက်နာမှုမရှိသည့်အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၂၇၊ ၁၂၈ တို့ဖြင့် ကြေညာချက်ထုတ်ပြန်ကာ လက်နက်မပါဘဲ အညင်သာဆုံးနည်းဖြင့် လူစုခွဲကာ ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်၌ ပါဝင်ကြသည့် ဆန္ဒပြအလုပ်သမားများအနက်မှ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး မူးမေ့လဲ (မစိုးရိမ်ရ)သည့်အတွက် တပ်ကုန်းမြို့နယ် ခုတင် ၁၀၀ ဆေးရုံသို့ တင်ပို့ကုသပေးထားကြောင်း သိရသည်။ ထို့အပြင် ဆိုင်ကယ် ခုနစ်စီးနှင့် ပစ္စည်းများကိုလည်း ညောင်လွန့်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ထိန်းသိမ်းထားရှိကြောင်း ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၏ မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားချက်အရ သိရသည်။

ယခုကဲ့သို့ ဆန္ဒပြချီတက်မှုဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးမှာ နာရီပိုင်းမျှ ယာဉ်ကြောများပိတ်ဆို့သွားပြီး ခရီးသွားလာမှုနှောင့်နှေးခဲ့ရာမှ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ နောက်ပိုင်းတွင် ခရီးသွားပြည်သူများနှင့် ယာဉ်သွားယာဉ်လာတို့မှာ ပုံမှန်အတိုင်း စီးဆင်းလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် မေ ၁၈**

ယနေ့ ညနေ ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ နယ်လိုရီမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၇၀ ခန့်၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၇၈၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၈၀၀ ခန့်၊ ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် ၈၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ထားသည်။

## မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း

အဆိုပါမုန်တိုင်းငယ်သည် ယနေ့ ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၃ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၁ ဒသမ သုည ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီ လျှင် မိုင် ၄၀ ဖြစ်သည်။

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် မေ ၁၉ ရက်မှ ၂၂ ရက်အတွင်း တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

မြန်မာကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**



# သီရိလင်္ကာတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ရာပေါင်းများစွာရှိနိုင်

**ကိုလံဘို မေ ၁၈**
သီရိလင်္ကာနိုင်ငံတွင် ရုတ်ချည်းရေကြီးရေလျှံမှုနှင့်မြေပြိုမှုများဖြစ်ပွားခြင်းကြောင့် သေဆုံးရသူဦးရေမှာ ၁၅၀ ကျော်အထိ မြင့်တက်လာနိုင်သည်ဟု စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း၊ လူပေါင်း ၃၅၀၀၀၀ ခန့်မှာ ဘေးဒုက္ခများသင့်ရောက်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက မေ ၁၈ ရက်တွင် ပြောကြားသည်။

လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် ကီဂါလီပြည်နယ်တွင် မေ ၁၇ ရက်နှင့် ၁၈ ရက်တို့က မြေပြိုမှုကြီး နှစ်ခုဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုမှုများကြောင့် လူ ၁၆ ဦးထက်မနည်းသေဆုံးပြီး လူရာနှင့်ချီကာ ပျောက်ဆုံးလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၏ အခြားဒေသများတွင် ရေကြီးရေလျှံမှုများနှင့် ဓာတ်လိုက်ခြင်းဖြစ်ရပ်များကြောင့် ၁၈ ဦး သေဆုံးခဲ့ကြောင်း၊ ဒေသခံပြည်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခြင်းကို ဆက်လက်ပြုလုပ်နေကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် မေ ၁၆ ရက်ညနေပိုင်းမှစ၍ မေ ၁၈ ရက်အထိ အဆက်မပြတ်မိုးရွာသွန်းခဲ့သည်။

မြို့တော်ကိုလံဘို အရှေ့မြောက်ဘက်ကီလိုမီတာ ၁၀၀ (မိုင် ၆၀) အကွာ အရာနာယာကာဒေသရှိ ကျေးရွာသုံးရွာတွင် မေ ၁၇ ရက်ညက မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အရာနာယာကာဒေသ မြေပြိုမှုဖြစ်စဉ်များကြောင့် လူပေါင်း ၃၀၀ မှ ၄၀၀ ခန့်အထိ သေဆုံးရဖွယ်ရှိကြောင်း သီရိလင်္ကာ ကြက်ခြေနီအသင်း၏ ညွှန်ကြားရေးမှူးချုပ် နာဗီးလ်နာနာယကာရာက ပြောကြားသည်။

**ဆင်ဟွာ။**

# အာဖဂန်စစ်ဘုရင် ဟက်မာတီယာ၏ စစ်သွေးကြွအဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရလုပြီ

**ကဘူး မေ ၁၈**
အာဖဂန်နစ္စတန်နိုင်ငံ၌ နာမည်ဆိုးဖြင့် ထင်ပေါ်ကျော်ကြားသော စစ်ဘုရင်ဂူဘတ်ဒင်ဟက်မာတီယာ၏ စစ်သွေးကြွအုပ်စုနှင့် အစိုးရအဖွဲ့အကြား ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် မကြာမီရရှိနိုင်မည်ဟု မျှော်လင့်ရကြောင်း အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက မေ၁၈ရက်တွင် ပြောကြားသည်။

ဟက်ဇဘီအစ္စလာမ့်ပါတီ၏ ခေါင်းဆောင်ဟက်မာတီယာသည် မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ ဝန်ကြီးချုပ်ဟောင်းဖြစ်ပြီး စစ်ဘုရင်တစ်ပါးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့သည်။ ၎င်းကို အမေရိကန်အစိုးရအဖွဲ့က အကြမ်းဖက်သမားတစ်ဦးအဖြစ် သတ်မှတ်ထားခဲ့သည်။

ဟက်မာတီယာဦးဆောင်သော စစ်သွေးကြွအုပ်စုမှာ မကြာသေးမီနှစ်များမှစ၍ တိုက်ခိုက်မှုများကို လျှော့ချခဲ့ပြီး အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရယူရန် ဦးတည်ဆောင်ရွက်လာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် သမ္မတအာရှတ်ဂါနီ၏ အစိုးရအဖွဲ့က လက်နက်ကိုင်အဖွဲ့များအား နိုင်ငံရေးလုပ်ငန်းစဉ်၌ ပါဝင်လာစေရန် ကမ်းလှမ်းမှုများပြုလုပ်ခဲ့သည်။ သို့ရာတွင် တာလီဘန်အဖွဲ့မှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ ပါဝင်ရန် အသင့်ရှိပုံမရပေ။

ဟက်မာတီယာ၏အဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်မူကြမ်းကို မေ ၁၈ ရက်နှောင်းပိုင်းတွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အစိုးရအဖွဲ့အမှုဆောင်အရာရှိချုပ် အဗ္ဗဒူလာ အဗ္ဗဒူလာ၏လက်ထောက် မိုဟာမက်ခန်ကပြောကြားသည်။

**ရိုက်တာ။**



ဟက်ဇဘီအစ္စလာမ့်ပါတီ၏ ခေါင်းဆောင်ဟက်မာတီယာ

# ကင်ဂျုံအန်နှင့် ဆွေးနွေးလိုသည့် ဒေါ်နယ်လ်ထရမ့်



**နယူးယောက် မေ ၁၈**
ရီပတ်ဘလီကန်ပါတီ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရရန် သေချာသလောက် ရှိနေသည့် ဒေါ်နယ်လ်ထရမ့်က မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ် ရပ်တန့်ရေးအတွက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးလိုသည်ဟု ပြောကြားသည်။

ထရမ့်က ရိုက်တာသတင်းဌာနနှင့် မေ ၁၇ ရက်က တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ၎င်းအနေဖြင့် ကင်ဂျုံအန်နှင့် တွေ့ဆုံစကားပြောလိုကြောင်းနှင့် ယင်းသို့ပြုလုပ်သည့်အတွက် မည်သည့်ပြဿနာမျှ ဖြစ်ပွားမည်မဟုတ်ကြောင်း ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ထရမ့်သည် တရုတ်နိုင်ငံအပေါ် သို့လည်း ဖိအားအတော်များများ ပေးခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားပြဿနာကို ဆွေးနွေးပွဲတစ်ပွဲ သို့မဟုတ် ဖုန်းတစ်ခါဆက်ပြောကြားယုံမျှဖြင့် ဖြေရှင်းနိုင်စွမ်းရှိသည်ဟု ပြောကြားသည်။

ထရမ့်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်း ဖြစ်လာမည်ဟု မျှော်လင့်ရသည့် ဟီလာရီကလင်တန်၏ ဝေဖန်မှုများကိုလည်း ရင်ဆိုင်ခဲ့ရသည်။ ထရမ့်၏ နိုင်ငံခြားရေးမူဝါဒအပေါ် ချဉ်းကပ်ပုံမှာ အဓိပ္ပာယ်မရှိဟု ကလင်တန်၏ လက်ထောက်တစ်ဦးက ဝေဖန်ခဲ့သည်။

အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် တိုက်ရိုက်ဆွေးနွေးမှုများနှင့်ပတ်သက်၍ သတိထားနေရဆဲဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံက ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်မှုမရှိလျှင် နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းမှုများအားလုံးကို အမေရိကန်နိုင်ငံက ငြင်းပယ်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ဒုတိယကမ္ဘာစစ်အတွင်းက တောင်ကိုရီးယား လိင်ကျေးကျွန် အမျိုးသမီးများအတွက် ကူညီထောက်ပံ့ရေး အဖွဲ့အစည်းတစ်ရပ် ထူထောင်မည်

**ဆိုးလ် မေ ၁၈**
ဒုတိယကမ္ဘာစစ်အတွင်း လိင်ကျေးကျွန်အဖြစ် အသုံးပြုခြင်းခံခဲ့ရသော တောင်ကိုရီးယားအမျိုးသမီးများအား ကူညီထောက်ပံ့ပေးမည့် အဖွဲ့အစည်းတစ်ရပ် ထူထောင်ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီတစ်ရပ်ကို ယခုလကုန်ပိုင်းတွင် ဖွဲ့စည်းရန် တောင်ကိုရီးယားအစိုးရက စီစဉ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် တောင်ကိုရီးယားအစိုးရအဖွဲ့က အဖွဲ့ဝင် ၁၀ ဦး ရွေးချယ်ခဲ့ကြောင်း တောင်ကိုရီးယားအရာရှိတစ်ဦးက ဆိုသည်။

အစိုးရအနေဖြင့် ကူညီထောက်ပံ့ရေးအဖွဲ့အစည်းတစ်ရပ်ကို ဇွန်လတွင် ထူထောင်ဖွဲ့စည်းရန်စီစဉ်ထားသည်။ ယင်းအဖွဲ့အစည်းအကြီးအကဲအဖြစ် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်တစ်ဦးကို ခန့်အပ်တာဝန်ပေးမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း လိင်ကျေးကျွန်အဖြစ် အသုံးပြုခြင်းခံခဲ့ရသော တောင်ကိုရီးယား အမျိုးသမီးများအပြင် ၎င်းတို့၏မိသားစုများအား ကူညီထောက်ပံ့ပေးမည့် အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ဖွဲ့စည်းရန် တောင်ကိုရီးယားနှင့် ဂျပန်အစိုးရတို့က လွန်ခဲ့သော ဒီဇင်ဘာလတွင် သဘောတူညီခဲ့ကြသည်။ ဂျပန်အစိုးရကလည်း အဆိုပါ အဖွဲ့အစည်းထူထောင်ရေးအတွက် ငွေကြေးကူညီပေးမည်ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက လိင်ကျေးကျွန်အဖြစ် အသုံးပြုခြင်းခံခဲ့ရသော တောင်ကိုရီးယားအမျိုးသမီးများဆီသို့ သွားရောက်ပြီး အဆိုပါ အဖွဲ့အစည်းတစ်ရပ်ထူထောင်ရေးကိစ္စအပါအဝင် ၎င်းတို့အား ကူညီထောက်ပံ့မည့် အစီအစဉ်များကို ရှင်းပြခဲ့သည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် လိင်ကျေးကျွန်အဖြစ် အသုံးပြုခြင်းခံခဲ့ရသော တောင်ကိုရီးယားအမျိုးသမီးများနစ်နာမှုမရှိစေရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် အခက်အခဲမရှိဘဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒရှိသည်။ သို့သော် ယင်းကိစ္စနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံနှင့်သဘောတူညီမှုကို အချို့ပြည်သူများက ဆန့်ကျင်ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# နျူလက်နက်ထိပ်ဖူး သယ်ဆောင်နိုင်သည့် ပရစ်ဗီ-၂ ဒုံးကျည် ပစ်ခတ်စမ်းသပ်မှု အောင်မြင်

**နယူးဒေလီ မေ ၁၈**
ကီလိုဂရမ် ၁၀၀၀ အလေးချိန်အထိရှိ လက်နက်ထိပ်ဖူးသယ်ဆောင်နိုင်ပြီး ကီလိုမီတာ ၃၅၀ အကွာအဝေးအထိ ပစ်ခတ်နိုင်သော ပြည်တွင်းလုပ်ပရစ်ဗီ-၂ အမျိုးအစားဒုံးကျည်တစ်စင်းကို အိန္ဒိယနိုင်ငံက မေ ၁၈ ရက်တွင် အောင်မြင်စွာပစ်ခတ်စမ်းသပ်နိုင်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းခြေဒေသ ဩရိသပြည်နယ် ချန်ဒီပါဒုံးကျည်စမ်းသပ်ပစ်ခတ်ရေးစခန်း၌ အဆိုပါမြေပြင်မှ မြေပြင်ပစ်ပဲ့ထိန်းဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို အင်ဒိုအေးရှားသတင်းဌာနက ကောက်နုတ်ဖော်ပြသည်။ ယင်းဒုံးကျည်ပစ်ခတ်မှုကို အိန္ဒိယမဟာဗျူဟာတပ်ဖွဲ့၏ စစ်ဌာနချုပ်(အက်စ်အက်ဖ်စီ)ကပြုလုပ်ခဲ့ပြီး အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအေဂျင်စီမှ သိပ္ပံပညာရှင်များကစောင့်ကြည့်ခဲ့ကြကာ ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုအောင်မြင်သည်ဟု ပြောကြားသည်။

ပရစ်ဗီအမျိုးအစား ဒုံးကျည်သည် အိန္ဒိယပြည်တွင်းတွင် ပထမဆုံးတည်ဆောက်သော ပဲ့ထိန်းဒုံးကျည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည် ထုတ်လုပ်ရေးအစီအစဉ်တွင် ပရစ်ဗီအမျိုးအစား ပဲ့ထိန်းဒုံးကျည် ငါးမျိုးထုတ်လုပ်ရန်စီစဉ်ထားသည်။ ယခုစမ်းသပ်ပစ်ခတ်ခဲ့သောဒုံးကျည်မှာ ယင်းတို့ထဲမှ အမျိုးအစားတစ်ခုဖြစ်သည်။ အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့များတွင် ပရစ်ဗီ-၂ အမျိုးအစား ပဲ့ထိန်းဒုံးကျည်ကို ၂၀၀၃ ခုနှစ်မှစ၍ ဖြန့်ကြက်ထားပြီးဖြစ်သည်။

**ဆင်ဟွာ။**

# သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည့်လမ်းများ၊ Project Management လုပ်ငန်းများ၊ ကျေးလက်လမ်းများဆောင်ရွက်ရန်နှင့် အရေးပေါ်တုံ့ပြန်မှု ချေးငွေအဖြစ်လျာထားရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခွဲဝေသုံးစွဲမည်

**နေပြည်တော် မေ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးယူရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

အဆိုပါ အမေရိကန်ဒေါ်လာသန်း ၂၀၀ အား ဆောက်လုပ်ရေးဝန်ကြီးဌာနက သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည့်လမ်းများအဖြစ် ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၀၅ သန်းနှင့် Project Management လုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျေးလက်လမ်းများဆောင်ရွက်ရန် အမေရိကန်ဒေါ်လာသန်း ၇၀၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အရေးပေါ်တုံ့ပြန်မှု ချေးငွေအဖြစ် လျာထားရန် အမေရိကန်ဒေါ်လာ ၁၅ သန်း ခွဲဝေသုံးစွဲမည်ဖြစ်သည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးခိုင်အောင်က ချေးငွေဖြင့် အကောင်အထည်ဖော်မည့်လုပ်ငန်းများမှာ သဘာဝဘေးဒဏ်ခံရသည့် ပြည်သူများအတွက် အမှန်တကယ်ဆောင်ရွက်သင့်သည့် လုပ်ငန်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စီမံကိန်းအထောက်အကူပြုလျာထားခြင်း၊ သုံးစွဲခြင်းအပိုင်းများတွင် မလိုလားအပ်သော ကုန်ကျမှုများမဖြစ်စေရန် ထပ်မံစိစစ်သင့်ပြီးပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စနစ်တကျ မှန်ကန်စွာသုံးစွဲသင့်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရေရှည်တည်တံ့ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည့်အတိုင်း ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က အဆိုပါချေးငွေကို သုံးစွဲမည့် ရည်ရွယ်ချက်များမှာ ၂၀၁၅ ခုနှစ် ပြည်သူများတွေ့ကြုံခဲ့ရသည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများကို ပြုပြင်ရန်နှင့် အရေးပေါ်အခြေအနေ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ



ဒုတိယဗိုလ်မှူးကြီး
မျိုးခိုင်အောင်

များကျရောက်ပါက လျင်မြန်စွာတုံ့ပြန်နိုင်ရန် သုံးစွဲမည်ဖြစ်ပြီး အများပြည်သူအကျိုးကိုဆောင်ရွက်မည့်လုပ်ငန်းဖြစ်သည့်အတွက် ကြိုဆိုထောက်ခံကြောင်း၊ စီမံကိန်းများ၏တိုးတက်မှုများကို ပြည်ထောင်စုလွှတ်တော်သို့ ၆ လတစ်ကြိမ် အစီရင်ခံသင့်ပါကြောင်း၊ ချေးငွေများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကမ္ဘာ့ဘဏ်မှချေးယူမည့် အမေရိကန်ဒေါ်လာသန်း ၂၀၀ သည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဝန်ဆောင်ခ တစ်နှစ်လျှင် သုည ဒသမ ၇၅ ရာခိုင်နှုန်းပေးရမည်ဖြစ်ကာ ဆိုင်းငံ့ကာလ ၆ နှစ်၊ ပြန်ဆပ်ကာလ ၃၂ နှစ်ဖြစ်သည်။

အစည်းအဝေးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေအတွက် ကျပ် ၅၀၀ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက အဆိုပါချေးငွေကို ဗဟိုဘဏ်၏ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ငွေတိုက်လက်မှတ်များပေးအပ်ရန်ဖြစ်ပြီး အဆိုပါငွေတိုက်လက်မှတ်များကို ချေးငွေအကျေပေးချေခြင်းအထိ အကြိမ်ကြိမ်သက်တမ်းတိုးရမည်ဖြစ်ပါကြောင်း၊ ချေးငွေကာလမှာ တစ်နှစ်သာဖြစ်ပြီး အတိုးနှုန်းမှာလည်း ၅ ရာခိုင်နှုန်းသာဖြစ်ကြောင်း လွှတ်တော်သို့တင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ချေးငွေကို မိုးရာသီမတိုင်မီချေးယူသွားမည်ဖြစ်ကြောင်း၊ ချေးငွေစည်းကမ်းချက်များနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

စိုက်ပျိုးစရိတ်ချေးငွေအတွက် ကျပ် ၅၀၀ ဘီလီယံအား ချေးယူရသည့် ရည်ရွယ်ချက်မှာ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ တောင်သူလယ်သမားများ၏ လက်ဝယ်သို့ အချိန်မီရောက်ရှိရေးနှင့် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတိုးမြှင့်စေရေးအတွက် သုံးစွဲရန်ဖြစ်ကြောင်း သိရသည်။

ယင်းချေးငွေကိစ္စနှင့်စပ်လျဉ်း၍ မေ ၂၃ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူမည်ဖြစ်သည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန အမည်အစား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအဖြစ် လည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန အမည်အစား တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအဖြစ်လည်းကောင်း အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းအား တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းပြ ဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ်(၃၆၀၀၀)၊ အလယ်တန်းပြတစ်ဦးလျှင် ငွေကျပ် (၄၁၀၀၀)၊ အထက်တန်းပြတစ်ဦးလျှင် ငွေကျပ်(၄၅၀၀၀)နှုန်းဖြင့် လစဉ်ထောက်ပံ့လျက်ရှိ

**နေပြည်တော် မေ ၁၈**

ဘုန်းတော်ကြီးသင် ဆရာ ဆရာမများသည် စေတနာ၊ ဝါသနာအရ ပရဟိတစိတ်ဖြင့် ဆောင်ရွက်နေကြသူများဖြစ်ပြီး ဝန်ထမ်းဖွဲ့စည်းပုံပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများခံစားခွင့်ရှိသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ ခံစားခွင့်မရှိကြောင်း စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၏ မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုက ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဖြေကြားလိုက်သည်။

ပြည်ထောင်စုဝန်ကြီးက ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းပြ ဆရာ ဆရာမ တစ်ဦးလျှင်ငွေကျပ် (၃၆၀၀၀)၊ အလယ်တန်းပြတစ်ဦးလျှင် ငွေကျပ် (၄၁၀၀၀)၊ အထက်တန်းပြတစ်ဦးလျှင်



ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို



စလင်းမဲဆန္ဒနယ်မှ
ဦးကံဦး

ငွေကျပ် (၄၅၀၀၀) နှုန်းဖြင့် လစဉ်ထောက်ပံ့လျက်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေကျပ် ၃ ဒသမ ၇၁ ဘီလီယံ ခွင့်ပြုထားကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် မွန်ကာကျောင်းကျေးရွာအုပ်စု မခန်းကျေးရွာမှ ဟိုပေါ့ကျေးရွာအထိ (၁၅)မိုင် မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသည့်အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိရေး လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း၏ မခန်းကျေးရွာမှ ဟိုပေါ့ကျေးရွာအထိ (၁၃)မိုင်ကိုမြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်အပေါ် ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ဆည်၊ ကန်၊ ရေတံခါး (၅၈၁)ခု ရှိကြောင်း၊ ၂၀၁၅ ခုနှစ် မိုးရာသီတွင် အကျိုးပြုနိုင်စွမ်းအားကျဆင်းလျက်ရှိသည့်ရေလှောင်တမံ (၃၅)ခုရှိကြောင်း၊ ရေစိမ့်ထွက်ခြင်း၊ နုန်းပို့ချမှုများခြင်းကြောင့် ရေထိန်းသိမ်းသိုလှောင်နိုင်ခြင်း မရှိသည့် ရေလှောင်တမံများနှင့် ပတ်သက်ပြီး လေ့လာတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ အေဇင်လတ်၏မေးမြန်းချက်အပေါ် ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် လမ်းမတော် မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူးအဖြစ် နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း၊ အဖွဲ့ဝင် (၁၃)ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း (အစား) ထန်းတပင်မဲဆန္ဒနယ်မှ ဦးထွန်းအားထည့်သွင်းဖွဲ့စည်းခဲ့သည်။

ထို့ပြင် အစည်းအဝေး၌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ကျမ်းသစ္စာကျိန်ဆိုခြင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသည့် ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ကောင်စီကိုရုပ်သိမ်းသည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခဲ့ပြီး အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို မေ ၁၉ ရက်နံနက် ၁၀ နာရီတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြ

**နေပြည်တော် မေ ၁၈**

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများကို ကော်မတီဝင်များက ဖတ်ကြားတင်ပြကြပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အဆိုပါအစီရင်ခံစာများတွင် ပြင်ဆင်ချက်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်းဆိုင်ရာ သတ်မှတ်ချက်



ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပစဉ်။

များကို ပြင်ဆင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အထွေထွေရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်၌ ယခင်အထွေထွေရွေးကောက်ပွဲမှ ကန့်ကွက်လွှာများကို စစ်ဆေးနေရခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ရန်ရှိသဖြင့် အဆိုပါကာလ၌ ကြားဖြတ်ရွေးကောက်ပွဲကို ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ကျင်းပနိုင်ရန် ပြင်ဆင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပိုမိုပြည့်စုံမှုရှိသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် ယနေ့တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ချစ်ဦးနှင့် ဗိုလ်မှူးချုပ်သက်နိုင်တို့က အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို မေ ၁၉ ရက်နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်းသိရသည်။

**(သတင်းစဉ်)**

# ဆယ်ကျော်သက်လူငယ်များညီလာခံကျင်းပ

**နေပြည်တော် မေ ၁၈**
မြန်မာနိုင်ငံတွင် အသက်(၁၀)နှစ်မှ (၁၉)နှစ်အရွယ် ဆယ်ကျော်သက် ဦးရေသည် နိုင်ငံ့လူဦးရေ၏ ၂၁ ဒသမ ၄၆ ရာခိုင်နှုန်း ရှိနေသဖြင့် နိုင်ငံ၏ ကြီးမားသောအင်အားတစ်ရပ်ဖြစ်ပြီး ဆယ်ကျော်သက်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားရမည်ဖြစ်ကြောင်း၊ ယနေ့လူငယ် နောင်ဝယ် လူကြီး ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်သည့်အတွက် နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကလေးလူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကို အထူးဦးစားပေးလုပ်ငန်းအဖြစ် ထည့်သွင်းသွားရမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။



ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် Action Aid Myanmar၊ Unicef နှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြီး "နိုင်ငံအနာဂတ် တိုးတက်ဖို့ ဆယ်ကျော်သက်ကဏ္ဍ မြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် ဆယ်ကျော်သက်လူငယ်များ ညီလာခံ၌ ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆယ်ကျော်သက်လူငယ်များ ညီလာခံ ကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး Action Aid Myanmar မှ စီမံချက်မန်နေဂျာ ဒေါ်ခင်သန္တာမြင့်က "မြန်မာနိုင်ငံဒေသအသီးသီးမှာရှိတဲ့ ဆယ်ကျော်သက်လူငယ်တွေမှာ သူတို့ကြားမှာရှိတဲ့အခက်အခဲတွေ၊ လိုအပ်ချက်တွေကို ဆွေးနွေးဖော်ထုတ်နိုင်ဖို့ ဒီပွဲကို စီစဉ်တာပါ။ ဆယ်ကျော်သက်လူငယ်တွေရဲ့ လိုအပ်ချက်တွေကို အစိုးရသစ်ရဲ့ ရက်ပေါင်း(၁၀၀)အတွင်း နိုင်ငံတော်အဆင့်ကျင်းပတဲ့ ဆယ်ကျော်သက်ညီလာခံဖြစ်တဲ့ အတွက် ကလေးတွေအတွက် ကောင်းပါတယ်"ဟု ပြောသည်။

အခမ်းအနားတွင် ဆယ်ကျော်သက်လူငယ်များက ၎င်းတို့၏ လိုအပ်ချက်များ၊ ဦးစားပေးကဏ္ဍများ၊ ၎င်းတို့၏ အခွင့်အရေးနှင့်ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ထည့်သွင်းနိုင်ရန်အတွက် ကဏ္ဍအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားအဖွဲ့အစည်းများထံသို့ တင်ပြကြသည်။

ဆယ်ကျော်သက်လူငယ်ညီလာခံ ကျင်းပခြင်းဖြင့် ဆယ်ကျော်သက် အရေးကိစ္စများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးမည့် အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေခြင်း၊ ရပ်ရွာအတွင်း ဆယ်ကျော်သက်များဖွံ့ဖြိုးရေးနှင့် ပူးပေါင်းပါဝင်ရေး၊ ဆယ်ကျော်သက်ခေါင်းဆောင်များ ပေါ်ထွန်းလာရေးတို့နှင့် ပတ်သက်သည့် အတွေ့အကြုံသင်ခန်းစာများ ရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသက်(၁၀)နှစ်မှ(၁၉)နှစ်အတွင်းရှိ လူငယ်ကိုယ်စားလှယ်ပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့သည့် အဆိုပါ ညီလာခံကို နှစ်ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဆယ်ကျော်သက်လူငယ်များနှင့်ပတ်သက်သည့် ကြေညာချက်တစ်စောင်ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ActionAid Myanmar၊ Unicef မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆယ်ကျော်သက်လူငယ်များ တက်ရောက်ကြသည်။ **သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-သန်းဦး(လေးမျက်နှာ)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ စည်ပင်သာယာကော်မတီဝင်များအား တာဝန်ပြီးဆုံးကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် မေ ၁၇ ရက်က ကျင်းပခဲ့သော တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ်(၁)အရ ပြင်ဆင်ထုတ်ပြန်သော နည်းဥပဒေနှင့်အညီ ယခင်အစိုးရဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များအား တာဝန်ပြီးဆုံးကြောင်း အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆)ကို မေ ၁၇ ရက် ရက်စွဲဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ထုတ်ပြန်ခဲ့သည်။

ယင်းသို့ထုတ်ပြန်ခဲ့ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေအရ "ကော်မတီဝင်၊ ခရိုင်(သို့မဟုတ်) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းကုန်ဆုံးချိန်ဖြစ်သည်ဟု ပြင်ဆင်ထုတ်ပြန်ပြီးဖြစ်သည့်အတွက် ကော်မတီဝင်များ တာဝန်ပြီးဆုံးကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

တာဝန်ပြီးဆုံးကြောင်း ထုတ်ပြန်ကြေညာခဲ့သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များမှာ ဦးကျော်စိုး(အတွင်းရေးမှူး)၊ ဦးညီညီ(တွဲဖက်အတွင်းရေးမှူး)၊ ဦးထင်ဇော်ဝင်း(ကော်မတီဝင် ၄)၊ ဦးစိုးစည်(ကော်မတီဝင် ၅)၊ ဦးဌေးအောင်(ကော်မတီဝင် ၆)၊ ဦးခင်လှိုင်(ကော်မတီဝင် ၇)၊ ဒေါက်တာအေးမင်း(ကော်မတီဝင် ၈)၊ ဦးခင်မောင်တင့် (ကော်မတီဝင် ၉) တို့ဖြစ်သည်ဟု သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ထုတ်ပြန်ချက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေပုဒ်မ ၈၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများကို ထုတ်ပြန်ကြေညာလိုက်ရာတွင် (၁) ဤနည်းဥပဒေများကိုရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။ (၂) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၄ ကို အောက်ပါအတိုင်း အစားထိုးရမည်- "၆၄။ ကော်မတီဝင်၊ ခရိုင် သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းကုန်ဆုံးချိန်အထိ ဖြစ်သည်။ (၃) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၈၃ ကို ပယ်ဖျက်ရမည်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက မေလ ၁၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့ ထုတ်ပြန်ကြေညာခဲ့မှုအပေါ် ရွေးကောက်ခံ ကော်မတီဝင်(၇) အနောက်ပိုင်းခရိုင်မှ ဦးခင်လှိုင်(ဇော်တိက)၊ ကော်မတီဝင်(၈) တောင်ပိုင်းခရိုင်မှ ဒေါက်တာအေးမင်း၊ ကော်မတီဝင်(၉) မြောက်ပိုင်းခရိုင်မှ ဦးခင်မောင်တင့်တို့ သုံးဦး ဦးဆောင်ကာ ခရိုင်၊ မြို့နယ် ကော်မတီဝင်များက မေလ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၇)၏ ရုံးခန်းတွင် သတင်းမီဒီယာများနှင့်တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ အဆိုပါကော်မတီဝင်များအနေဖြင့် ဆက်လက်တာဝန်ထမ်းဆောင်မည်ဟု သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ပြောကြားခဲ့ပြီး မေ ၁၇ ရက် ရက်စွဲဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီးနောက် မေ ၁၈ ရက်တွင် အဆိုပါကော်မတီဝင်များက ဌာနနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များ၊ ဌာနပိုင်ပစ္စည်းများကို အပ်နှံကာ ထွက်ခွာသွားကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထုတ်ပြန်လိုက်သော အမိန့်ကြော်ငြာစာအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ယခင်အစိုးရက တိုက်ရိုက်ခန့်အပ်ထားသော ကော်မတီဝင် လေးဦး၊ ရွေးကောက်ခံကော်မတီဝင် လေးဦး၊ ခရိုင်နှင့် မြို့နယ်အဆင့် ရွေးကောက်ခံကော်မတီဝင် ၁၁၅ ဦး တို့၏ လုပ်ငန်းတာဝန်များ ပြီးဆုံးသွားပြီဖြစ်သည်ဟု သိရသည်။ ယင်းအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိအစိုးရလက်ထက်တွင် အစိုးရက တိုက်ရိုက်ခန့်အပ်ရမည့် ကော်မတီဝင် လေးဦးကို အမြန်ဆုံးခန့်အပ်သွားမည်ဖြစ်ကာ ရွေးကောက်ခံကော်မတီဝင်များ ခန့်အပ်ရေးအတွက် စည်ပင်သာယာရွေးကောက်ပွဲပြုလုပ်သွားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု မီဒီယာအချို့နှင့် သီးသန့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်ဟု သိရှိရသည်။

(၀၀၁)

# ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် မေ ၁၈**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မေ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းခြင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးရက်(၁၀၀)စီမံချက် ဆောင်ရွက်နေမှုများကို ရှင်းလင်းခဲ့ကြသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ NGO၊ INGO များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၅၅၃ ဦးတက်ရောက်ခဲ့သည်။



ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ကျောင်းသုံးဗလာစာအုပ်နှင့် ရုံးသုံးပစ္စည်းများထောက်ပံ့မှု အခမ်းအနား ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ကွန်ပျူတာ တစ်စုံ၊ ပရင်တာ တစ်လုံးနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် အခမ်းအနားသို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အဘိဓာန် တည်းဖြတ်ခြင်းအတွက် အကြံပြုချက်များဖိတ်ခေါ်

**နေပြည်တော် မေ ၁၈**
မြန်မာစာအဖွဲ့က ထုတ်ဝေခဲ့သော မြန်မာ-အင်္ဂလိပ် အဘိဓာန်(၁၉၉၃)နှင့် အင်္ဂလိပ်-မြန်မာအဘိဓာန် (၂၀၀၁) တို့ကို ပြန်လည်တည်းဖြတ်မွမ်းမံမည်ဖြစ်ရာ အများပြည်သူတို့အနေဖြင့် ဖြည့်စွက်လိုသောစကားလုံးများကို မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာန ရုံးအမှတ်(၅၂) နေပြည်တော် (Fax: ၀၆၇-၄၃၀၁၇၇) နှင့် e-mail: myanlan gcom@gmail.com သို့ ဇွန် ၂၀ ရက်အတွင်း အကြံပြုပေးပို့ကြရန်ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆရာဇော်ဂျီ၏ အမျိုးသားရေး ကဗျာတစ်ပုဒ်

**မြင့်ဆွေဦး**

အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီအား ဒဿနပညာရှင်ဟု ခေါ်ဆိုကြသည်။ ထိုသို့ ဒဿနပညာရှင်ဟု အမည်တပ်လာသည်ကို ဆရာဇော်ဂျီက မနှစ်သက်ပေ။ ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်စာစောင်တွင် စံဝင်းဆိုသူက ဆရာဇော်ဂျီသည် လေးစားထိုက်သော ဒဿနိကပညာရှင်ဖြစ်ကြောင်း ဆောင်းပါးရေးလိုက်သည့်အခါ ဆရာဇော်ဂျီက ကန့်ကွက်ခဲ့လေသည်။

ဒဿနိက ကျမ်းတွေရေးမှ ဒဿနိကပညာရှင်မဟုတ်၊ ယခုခေတ်တွင် မိမိ၏ အတွေးအခေါ်၊ အတွေးအမြင်များကို ကျမ်းကြီးကျမ်းခိုင်နှင့် ဖော်ပြမှမဟုတ်၊ ပြဇာတ်၊ ကဗျာ၊ ဝတ္ထု စသည့် စာပေပုံသဏ္ဌာန်များနှင့် ဖော်ပြလာကြသည်။

ဆရာဇော်ဂျီသည် သူ့အမြင်၊ သူ့အတွေး ဘဝအမြင်များကို ကဗျာများနှင့် ဖော်ပြလာသည်။ ‘ဗေဒါလမ်း’ကဗျာ၊ ‘ညီသစ်ဆင်း’ ကဗျာနှင့် ‘ရွှေးခေတ်ပုဂံကဗျာ’ တွင် ဆရာဇော်ဂျီ၏ ဘဝအမြင်များကို တွေ့ရသည်။

ဗေဒါလမ်းကဗျာများသည် မြန်မာ့ကဗျာ သမိုင်းတွင် မရှိဘူးသေးသော ဒဿနကဗျာများ ဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် ဗေဒါလမ်းကဗျာများကို စတင်ဖော်ပြလိုက်သည့်အခါ အင်္ဂလိပ်စာပါမောက္ခ ဦးမျိုးမင်း (နွယ်စိုး) က ဆရာဇော်ဂျီထံရောက်လာပြီး ‘ဆရာ ကျွန်တော်တို့ ဖတ်ချင်တာ ဒီလို ကဗျာမျိုးပါ’ ဟု ချီးကျူးကာ ပြောလာသူ ကြိုဆိုသူမှာ ဦးမျိုးမင်းဖြစ်ကြောင်း ဆရာဇော်ဂျီက ပြောဖူးသည်။ ဗေဒါလမ်းကဗျာများသည် ဘဝ၏ လောကဓံနှင့် ဘဝ၏အမောများကို ခံနိုင်ရည်ရှိအောင် ဘဝသတ္တိ သည်းခံခြင်းဘဝကို အသင့်အတင့် နှလုံးသွင်းတတ်အောင် ရေးဖွဲ့ခဲ့လေသည်။ သတိဆိုသည်မှာ ပညာသတိပင် ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာ နှစ်ပေါင်းများစွာ ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးကို ခံခဲ့ရသည်။ သို့သော် မည်မျှပင် ဖိနှိပ်ဖိနှိပ် ချုပ်ချယ်ချုပ်ချယ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အရှုံးမပေးခဲ့၊ အလျှော့မပေးခဲ့။ ဗေဒါလမ်းကဗျာမှ ‘ဗေဒါပျံ့ အံကိုခဲ၊ ပန်းပန်လျက်ပဲ’ ဆိုသည်နှင့်အညီ ဘယ်အခြေရောက်ရောက် ဘဝတွင် အခက်အခဲအမျိုးမျိုး ကြုံတွေ့ရသည့်အခါ ဘဝအသိ၊ ဘဝသတိဖြင့် ကြံ့ကြံ့ခံ ရပ်တည်ခဲ့လေသည်။

‘ညီသစ်ဆင်း’ကဗျာများမှာ မျိုးဆက်သစ်လူငယ်များအတွက် ခံယူချက်ကောင်းရရှိနိုင်အောင် ရေးဖွဲ့ခဲ့သော ဩဝါဒကဗျာမျိုး ဖြစ်သည်။ မြန်မာ့ကဗျာသမိုင်း၌ အဆုံးအမ ဩဝါဒကဗျာများကို အင်းဝခေတ် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့က စတင်ရေးဖွဲ့ခဲ့သည်။

‘ရှေးခေတ်ပုဂံ’ ကဗျာများမှာ ဆရာဇော်ဂျီ ရေးသားခဲ့သည်မှာ ပုဂံသား ဘိုးဘွား ရှေးမြန်မာကြီးများ၏ ပညာရည်၊ နှလုံးရည်၊ လက်ရုံးရည်ပြည့်ဝမှု တစ်နည်းအားဖြင့် ပုဂံသား ဘိုးဘွား ရှေးမြန်မာကြီးများ၏ စိတ်ထားအရာ၊ စိတ်ဓာတ်ရေးရာ မြင့်မြတ်မြင့်မားပုံများကို ပြန်ပြောချင်၍ ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

ဆရာဇော်ဂျီသည် အမျိုးသားရေး ကဗျာများကိုလည်း ရေးဖွဲ့ခဲ့သည်။ ထိုကဗျာတို့မှာ ‘၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့တွင်’၊ ‘စစ်နှင့်လုလင်’၊ ‘ပြောလိုက်ပါဘိ ဟောပါဘိ’၊ ‘သခင်အောင်ဆန်းတရား’၊ ‘လွတ်လပ်ရေးအောင်ပွဲနေ့’၊ ‘တို့ပြည်ထောင်စု’၊ ‘အာဇာနည်နေ့ ဆန္ဒ’၊ ‘လွတ်လပ်ရေးနေ့ တရား’ စသည်တို့ဖြစ်သည်။

ဆရာဇော်ဂျီရေးဖွဲ့ခဲ့သော ထူးခြားသော ကဗျာတစ်ပုဒ်လည်း ရှိသည်။ ထိုကဗျာမှာ ဖဆပလ သတင်းစဉ် (၁၅၊ ၂၊ ၄၇) တွင် ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုကဗျာမှာ ‘မြန်မာ့အသံ’ ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံညီလာခံသို့ တက်ရောက်၍ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ‘ပင်လုံစာချုပ်’ ချုပ်ဆိုနိုင်ခဲ့သည်။ ထိုသို့ ချုပ်ဆိုနိုင်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်ဟု ကြွေးကြော်ခဲ့သည့်အတိုင်း လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည်။

ထိုသို့ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရန်မှာ အမှန်တော့ လွယ်ကူသည့်ကိစ္စမဟုတ်ပါ။ ဘိလပ်ဆွေးနွေးပွဲတွင် ‘အောင်ဆန်း-အက်တလီစာချုပ်’ ချုပ်ဆိုရာ၌ အချက်တစ်ချက်ထည့်သွင်းထားသည်။ ဗြိတိသျှအစိုးရသည် ဗိုလ်ချုပ်အောင်ဆန်း တောင်းဆိုခဲ့သည့်အတိုင်း လွတ်လပ်ရေးပေးမှ ဖြစ်မည်ကို နားလည်သဘောပေါက်သော်လည်း ဖြစ်နိုင်ပါက ‘တောင်တန်း ပြည်နယ်များ’ အရေးကိစ္စကို စာချုပ်တွင် ထည့်သွင်းခဲ့သည်။ စာချုပ် အပိုဒ် ၈၊ ပုဒ်ခွဲ (ခ)တွင်

“နယ်ခြားဒေသရှိ တိုင်းရင်းသားများ၏ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များအား ၎င်းတို့၏ ဆန္ဒသဘောထားကို ရှေးဦးစွာ မေးမြန်းရမည်။

“ယင်းသို့ ဆန္ဒသဘောထား မေးမြန်းခြင်းကို ရှေ့လ (ဖေဖော်ဝါရီ ၁၉၄၇ ခုနှစ်) ပင်လုံမြို့၌ ကျင်းပမည့် အစည်းအဝေးတွင် ဖြစ်စေ၊ ယင်းကိစ္စအတွက် သီးခြားခေါ်ယူကျင်းပသည့် အစည်းအဝေးတွင်ဖြစ်စေ မေးမြန်း၍ ဆန္ဒသဘောထား ရယူရမည်။

“မေးမြန်းရမည့်အချက်က တောင်တန်းဒေသ ပြည်နယ်များအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ဆက်ဆံရေးကို မည်သည့်ပုံစံမျိုးဖြင့် ဆက်ဆံလိုကြောင်း ၎င်းတို့၏ ဆန္ဒသဘောထားကို မေးမြန်းရန် ဖြစ်သည်။”

ပြည်နယ်အသီးသီးမှ လူမျိုးစုခေါင်းဆောင်များသည် မိမိတို့သည်လည်း မြန်မာပြည်မနှင့်အတူ အေးအတူပူအမျှ လုံးဝလွတ်လပ်ရေးရယူချင်ပါသည်ဟု ဆန္ဒသဘောထား တိကျပြတ်သားစွာပေးရန် ၁၉၄၇ ခု ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပင်လုံညီလာခံ၌ မေးမြန်း ဆန္ဒယူရမည်ဟု စာချုပ်ထဲတွင် ပါရှိနေသဖြင့် ဗိုလ်ချုပ်နှင့်အတူ လိုက်ပါလာသော သခင်မြအပါအဝင် ခေါင်းဆောင်အချို့က ထိုအချက်ကို စိုးရိမ်ကြောင့်ကြနေကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းက လုံးဝ စိုးရိမ်ကြောင့်ကြမှု မရှိဘဲ ညစာစားရင်း ပြောလိုက်သည်။

“ဒီကိစ္စအတွက် ဘာမှ မပူကြပါနှင့်၊ ပင်လုံကြရင် ကြည့်ပါ၊ အင်္ဂလိပ်တွေ မျှော်လင့်သလို မဖြစ်ပါဘူး၊ ကျွန်တော်တို့ပဲ အနိုင်ရမှာပါ”။

ဤသို့ဖြင့် တောင်တန်းဒေသ ပြည်နယ်များမှ ခေါင်းဆောင်များနှင့် လူထုလူတန်းစား ကိုယ်စားလှယ်တို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (ပင်လုံစာချုပ်)ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့လေသည်။

ထိုသတင်းကို ကြားရ၊ သိရသောအခါ ဆရာဇော်ဂျီသည် နိုင်ငံအတွက် အားတက်လာသည်။ လွတ်လပ်ရေး ရတော့မည်ကို တစ်ထစ်ချ ယုံကြည်လာသည်။ ထိုသို့ ဗိုလ်ချုပ်အောင်ဆန်း ကြိုးပမ်းမှုဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို အကောင်အထည်ဖော်လိုက်သော ‘ပင်လုံစာချုပ်’ကို ဆရာဇော်ဂျီက ဂုဏ်ပြု ကဗျာတစ်ပုဒ် ရေးဖွဲ့လေသည်။

ထိုကဗျာမှာ ‘မြန်မာ့အသံ’ကဗျာ ဖြစ်သည်။

**မြန်မာ့အသံ**

**ထလော့ မြန်မာ၊ တိုင်းရင်းချာတို့**
**တို့ရွာတို့ပြည်၊ တို့ရွာပြည်ကား**
**ဆန်ဆီစပါး၊ များလည်းများ၏**
**များပါလေလည်း၊ တဖွဲဖွဲနှင့်**
**ဆင်းရဲစိတ်မှာ၊ ကာလကြာသော်**
**မြင်သာမြင်ရ၊ မစားရ၍**
**တောကပြိတ္တာ ဖြစ်မည်တကား။**

**ထလော့ မြန်မာ၊ တိုင်းရင်းချာတို့**
**တို့ရွာတို့ပြည်၊ တို့ရွာပြည်ကား**
**စေတီဘုရား၊ များလည်းများ၏**
**များပါလေလည်း၊ တဖွဲဖွဲနှင့်**
**ဆင်းရဲစိတ်မှာ၊ ကာလကြာသော်**
**ယာစကာမျိုး၊ တညိုးညိုးနှင့်**
**ပုထိုးကြိုကြား၊ လှည့်လည်သွားလျက်**
**မစားလေရ၊ ဝမ်းမဝ၍**
**ဆွမ်းမျှမတင်နိုင် ရှိမည်တကား။**

**ဤချိန်ကာလ၊ တော်ပေစွတည့်**
**သူကအစ၊ ငါက အားလုံး**
**လက်ရုံးများမြောင်၊ ဉာဏ်များမြောင်နှင့်**
**စွမ်းဆောင်နိုင်စေ၊ စွမ်းကြလေလော့**
**ဤမြေ ဤရွာ၊ တို့မြေရွာတည့်**
**ဤရွာ စည်ကား၊ တို့ဝတ္တရားတည့်**
**ထားလော့တာဝန်၊ ပြွန်လော့လုပ်ငန်း**
**ပြိုင်တူ လှမ်း၍၊ တစ်ဝမ်းတစ်စိတ်**
**ညီစေတကား။**

**ဇော်ဂျီ**

ဆရာဇော်ဂျီသည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအား ကျရာတာဝန်ကို ကျေပွန်စွာထမ်းရွက်ရန် တိုင်းကျိုးပြည်ကျိုးကို ရှေးရှု၍ လှုံ့ဆော်တိုက်တွန်းခဲ့သည်ကို ‘မြန်မာ့အသံ’ ကဗျာဖြင့် တပ်လှန့်နှိုးဆော်ခဲ့လေသည်။

ဆရာဇော်ဂျီသည် ‘မြန်မာ့အသံ’ ကဗျာကို အသစ်ရေးဖွဲ့ခဲ့ခြင်းမဟုတ်။ ၁၉၃၅ ခု ဩဂုတ်လ ကြီးပွားရေးမဂ္ဂဇင်းတွင် ရေးဖွဲ့ခဲ့သော ‘တို့တိုင်းပြည်’ ကဗျာကို လက်ရှိအချိန်နှင့် ကိုက်ညီအောင် ပြုပြင်ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ။

## ကနီမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများအား တာဝန်ရှိသူများက ကူညီဆောင်ရွက်

**ကနီ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကျော်ရွာကျေးရွာအုပ်စုတွင် မေ ၁၅ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က မိုးများသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျော်ရွာကျေးရွာအုပ်စုအတွင်းမှ ကျော်ရွာ၊ ဇီးဖြူကုန်း၊ ကျွဲတက်နှင့် ကံဇိဘကျေးရွာများတွင် လူနေအိမ်ပျက်စီးမှုများ ထပ်မံဖြစ်ပွားခဲ့ပြီး ဇီးဖြူကုန်းကျေးရွာမှ ၁၅ အိမ်အနက် သုံးလုံးမှာအိမ်အလုံးလိုက်ပြိုကျခဲ့ပြီး ကျော်ရွာကျေးရွာမှ ကိုးအိမ်၊ ကံဇိဘကျေးရွာမှ ၁၁အိမ်နှင့် ကျွဲတက်ကျေးရွာမှ နှစ်အိမ် စုစုပေါင်း ၃၅ အိမ်တို့ ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်၍ ထပ်မံပျက်စီးခဲ့မှုများကို မေ ၁၆ ရက်တွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အနီးအနားကျေးရွာများမှ ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ပညာရေး(၁၁)မှ တပ်မတော်သားများ ပူးပေါင်း၍ ကျော်ရွာကျေးရွာအုပ်စုအတွင်းရှိ ပျက်စီးဆုံးရှုံးခဲ့သော လူနေအိမ်များနှင့် သစ်ပင်များကို စုပေါင်းရှင်းလင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယင်း ကျော်ရွာကျေးရွာအုပ်စုအတွင်းတွင် မေ ၁၃ ရက်နှင့် ၁၆ ရက်များတွင် တိုက်ခတ်ခဲ့သော လေဘေးကြောင့် ၂၂၂ အိမ်ရှိခဲ့ပြီး အဆိုပါ ပျက်စီးခဲ့သည့် အိမ်ထောင်စုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တစ်အိမ်လျှင် တီရှပ်အင်္ကျီနှစ်ထည်၊ ပုဆိုးတစ်ထည်၊ လုံချည်တစ်ထည်၊ ဆပ်ပြာတစ်ထောင့်နှင့် ငွေကျပ်နှစ်သောင်းစီ ထောက်ပံ့ပေးပြီး အိမ်ပြိုကျခဲ့သည့် သုံးအိမ်အတွက် ငွေကျပ်ငါးသောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သန်းဌေးအောင်)**

## ဘုရင့်နောင်ဈေး ယာဉ်ပတ်လမ်းများအပေါ်၌ စည်းကမ်းမဲ့ချထားသော ယာဉ်အပိုပစ္စည်းများအား ရှင်းလင်းဆောင်ရွက်

**ရန်ကုန် မေ ၁၈**

ရန်ကုန် မြောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးအတွင်းရှိ ဘုရင့်နောင်ဈေး ယာဉ်ပတ်လမ်းများအပေါ်၌ စည်းကမ်းမဲ့ချထားသော ယာဉ်အပိုပစ္စည်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ စီမံလမ်းညွှန်မှုနှင့်အညီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ မေ ၁၈ ရက် နံနက် ၇ နာရီက ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘုရင့်နောင် ဈေးတာဝန်ခံ ဦးကျော်စိုးဝင်းက “ဘုရင့်နောင်ဈေးအတွင်း ယာဉ်ပတ်လမ်းများပေါ်မှာ အရေးပေါ် မီးသတ်ယာဉ်တွေ ဝင်ထွက်သွားလာ လွယ်ကူအောင် ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုတွေ မရှိစေဖို့ ဆောင်ရွက်ရတာဖြစ်ပြီးဈေးဆိုင်ခန်းတွေ သတ်မှတ်ပေကျော်ပြီး စည်းကမ်းမဲ့ဈေးရောင်းချနေလို့ ဈေးရောင်းပစ္စည်းများကို ရှင်းလင်းရခြင်းပဲ ဖြစ်ပါတယ်”ဟု လုပ်ငန်းစဉ်အတွင်း ပြောသည်။ **ညီညီ(သမိုင်း)**



# ရင်းနှီးမှုနှင့်ယုံကြည်မှုကို အခြေခံထားသည့် နှစ်နိုင်ငံဆက်ဆံရေးသည် မြန်မာ့နိုင်ငံရေး ဖော်ဆောင်မှုတွင် များစွာအထောက်အကူပြုခဲ့



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရှစ်ရှ်နန်အား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

**နေပြည်တော် မေ ၁၈**

လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့သည် မရှိမဖြစ်လိုအပ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံရေးခိုင်မာမှုရှိရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးတို့အား တပ်မတော်အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရှစ်ရှ်နန်အား လက်ခံတွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-စင်ကာပူနှစ်နိုင်ငံသည် ၁၉၆၆ ခုနှစ်မှ သံတမန်ဆက်ဆံရေးကိုစတင်ခဲ့သည့် မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ ရင်းနှီးမှုနှင့်ယုံကြည်မှုကို အခြေခံထားသည့် နှစ်နိုင်ငံဆက်ဆံရေးသည် မြန်မာ့နိုင်ငံရေးဖော်ဆောင်မှုတွင် များစွာအထောက်အကူပြုခဲ့ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြားတွင်လည်း နီးကပ်သောဆက်ဆံရေးရှိပြီး အာဆီယံဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းဆိုင်ရာကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြားဆက်ဆံရေးကို ယခုထက်ပို၍ ထိထိရောက်ရောက်ဖြစ်စေရေး ဆက်လက်လုပ်ဆောင်သွားရန်လိုကြောင်း ပြောကြားသည်။

ဧည့်သည်တော်ဝန်ကြီးက မြန်မာ-စင်ကာပူ နှစ်နိုင်ငံမှာ ရှည်လျားသည့် သမိုင်းကြောင်းဆက်ဆံမှုရှိခဲ့ပြီး နှစ်နိုင်ငံပြည်သူလူထုချင်း ခိုင်ခံ့သည့်ဆက်ဆံမှုများလည်းရှိပါကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ ဒုတိယအကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်နေပါကြောင်း၊ မြန်မာနိုင်ငံအနာဂတ်အတွက် အဆုံးအဖြတ်ပေးမည့်သူမှာ မြန်မာနိုင်ငံသားများပင်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် အနာဂတ်တွင်လည်း မြန်မာနိုင်ငံ၏ လုံခြုံစိတ်ချရသော ခိုင်မာသည့် မိတ်ဆွေနိုင်ငံတစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ဖြစ်ပေါ် ပြောင်းလဲမှုများကိုလည်း စွက်ဖက်မှုမပြုဘဲ ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**(မြဝတီ)**

# မြန်မာအစိုးရပိုင် ဘဏ် သုံးခုနှင့် နိုင်ငံတော်ပိုင်လုပ်ငန်း ခုနစ်ခုကို အမေရိကန်အစိုးရ၏ စီးပွားရေးပိတ်ဆို့မှုစာရင်းမှ ဖယ်ရှား

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရမှ ပြုလုပ်ထားသည့် စီးပွားရေးပိတ်ဆို့မှုစာရင်းမှ မြန်မာအစိုးရပိုင် ဘဏ် သုံးခုနှင့် နိုင်ငံတော်ပိုင်လုပ်ငန်း ခုနစ်ခုကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း မေ ၁၇ ရက်က အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ရေးရာရုံးက ထုတ်ပြန်ကြေညာလိုက်သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံး (OFAC) ၏ တစ်သီးပုဂ္ဂလ ပစ်မှတ်ထားအရေးယူပိတ်ဆို့မှု (SDN) စာရင်းထဲမှ နိုင်ငံတော်ပိုင်ဘဏ် သုံးခုဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ကို ဖယ်ရှားလိုက်ခြင်းဖြစ်သည်။

မြန်မာအစိုးရ၏ နိုင်ငံတော်ပိုင်လုပ်ငန်း ခုနစ်ခုဖြစ်သည့် မြန်မာ့သစ်လုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၃) သတ္တုတွင်းလုပ်ငန်းနှင့် သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းတို့ကို ဖယ်ရှားလိုက်ခြင်းဖြစ်သည်။

အမေရိကန်အစိုးရ၏ကြေညာချက်တွင် "မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုဘဏ်တို့ကို စာရင်းမှ ယနေ့တွင် ထုတ်ပယ်လိုက်သည်။ အဆိုပါအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှုကို တားမြစ်ထားခြင်းမရှိတော့သဖြင့် ဤခွင့်ပြုချက်ကို မလိုအပ်တော့သလို အဆိုပါ ဘဏ္ဍာရေးအဖွဲ့အစည်းနှစ်ခုကိုလည်း အထွေထွေလိုင်စင်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်" ဟု ပါရှိသည်။

ယမန်နေ့က ထုတ်ပြန်ခဲ့သည့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ရေးရာရုံး၏ ကြေညာချက်တွင် တစ်သီးပုဂ္ဂလ ပစ်မှတ်ထားအရေးယူပိတ်ဆို့မှု (SDN) အောက်တွင် ရှိနေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဖယ်ရှားခဲ့သည်သာမက အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအပေါ် ထားရှိသည့် အရေးယူပိတ်ဆို့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများပြင်ဆင်ခြင်း၊ SND အောက်တွင်ထားရှိသော စီးပွားရေးလုပ်ငန်းများပြင်ဆင်သတ်မှတ်ခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံး(OFAC)က မြန်မာနိုင်ငံအပေါ်တွင် ကျန်ရှိနေသေးသော စည်းမျဉ်းစည်းကမ်းများ 31 C.F.R. part 37 ("the Regulations") ကို ပြင်ဆင်သတ်မှတ်ခြင်း၊ တစ်သီးပုဂ္ဂလပစ်မှတ်ထား အရေးယူပိတ်ဆို့မှုအောက်တွင် ရှိနေသော လူပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြင်ဆင်သတ်မှတ်ချက်များ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုအောက်တွင်ရှိသော စီးပွားရေးလုပ်ငန်းများ၊ လူပုဂ္ဂိုလ်များနှင့်ပတ်သက်၍လိုက်နာဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ အမေရိကန်နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်စေရန်၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အဆင်ပြေစေရန်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းကုန်စည်စီးဆင်းမှု လွယ်ကူအဆင်ပြေစေရန်လည်းကောင်း၊ မြန်မာနိုင်ငံတွင်နေထိုင်သော အမေရိကန်နိုင်ငံသားများလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်လည်းကောင်း၊ ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုအောက်တွင်ရှိနေသော ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများ လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်လည်းကောင်း ရည်ရွယ်ပြီး ယင်းကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်ဝါဒနှင့်ငွေရေးကြေးရေးဆိုင်ရာ ထောက်လှမ်းရေးဌာန၏ ယာယီဒုတိယလက်ထောက်ဝန်ကြီး အဒမ်ဇူဘင်က "ပြီးခဲ့သောနှစ်တွင် မြန်မာနိုင်ငံသည် သမိုင်းဝင်ရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ကိုယ်စားပြု အစိုးရအဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ ယခုကဲ့သို့ အရေးယူပိတ်ဆို့မှုဆိုင်ရာ ဖြေလျှော့ရေးလုပ်ဆောင်ချက်များသည် ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုအချို့ကို ဆက်လက်ထားရှိလျက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးပြောင်းလဲလာရေးအတွက် အမေရိကန်အစိုးရ၏ ကြိုဆိုထောက်ခံမှုပင် ဖြစ်ပါသည်" ဟု ထုတ်ပြန်ကြေညာချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။




အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ရေးရာရုံး၏ ထုတ်ပြန်ကြေညာချက်အား တွေ့ရစဉ်။

မြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိသော တစ်သီးပုဂ္ဂလအမေရိကန်နိုင်ငံသားများ စီးပွားရေးလုပ်ငန်းကိစ္စရပ်များ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ခွင့်ပြုသော အထွေထွေလိုင်စင်ကို ဖြည့်စွက်ခြင်း၊ ရှိရင်းစွဲ ကုန်သွယ်ရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းကိစ္စရပ်များ လုပ်ကိုင်ခွင့်ပြုသော အထွေထွေလိုင်စင်ကို သက်တမ်းကာလ တိုးမြှင့်ခြင်းနှင့် တိုးချဲ့ခြင်းနှင့် တချို့သော ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို ခွင့်ပြုထားသော ရှိရင်းစွဲ အထွေထွေလိုင်စင်ကို ပြန်လည် မွမ်းမံခြင်းတို့ကို OFAC က ဆောင်ရွက်ခဲ့သည်။

ယမန်နေ့က ထုတ်ပြန်ကြေညာချက်တွင် သာမန်အခြေအနေများတွင် မြန်မာနိုင်ငံအတွင်းနေထိုင်လျက်ရှိသော တစ်သီးပုဂ္ဂလ အမေရိကန်နိုင်ငံသားများအပေါ် သက်ရောက်မှုရှိသည့် တားမြစ်ထားသည့်စည်းမျဉ်းများကြောင့် လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိသော စီးပွားရေးလုပ်ငန်းကိစ္စရပ်များကို အမေရိကန်နိုင်ငံသားများအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် အထွေထွေလိုင်စင်ကို OFAC က ဖြည့်စွက်ခဲ့ပါသည်။

ထိုသို့ဖြည့်စွက်လိုက်ခြင်းကြောင့် ပိတ်ဆို့အရေးယူခြင်းဆိုင်ရာ စည်းမျဉ်းအတွင်းမှ ရှိရင်းစွဲ ကင်းလွတ်ခွင့်ဖြစ်သော မြန်မာနိုင်ငံမှတစ်ဆင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံသို့သော်လည်းကောင်း ခရီးသွားလာမှုအပေါ် ဖြည့်စွက်ထောက်ကူပြီး အမေရိကန်နိုင်ငံသားများအတွက် မြန်မာနိုင်ငံတွင် နေထိုင်ပြီး အလုပ်လုပ်ကိုင်ရန် ပိုမိုလွယ်ကူစေသောကြောင့် အမေရိကန်နှင့် မြန်မာနိုင်ငံသားများကြား အချင်းချင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်သည်။

ကုန်သွယ်ရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းကိစ္စရပ်များ လုပ်ကိုင်ဆောင်ရွက်ခွင့် အထွေထွေလိုင်စင်နှင့် ပတ်သက်ပြီး OFAC က စည်းမျဉ်းပြင်ဆင်ချက်နှစ်ခုကို ချမှတ်ခဲ့ပါသည်။ ပထမအချက်မှာ OFAC က အထွေထွေလိုင်စင်အမှတ် (၂၀) ကို သက်တမ်းကာလ အကန့်အသတ်မရှိ တိုးမြှင့်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယင်းလိုင်စင်သည် သာမန်အခြေအနေတွင် မြန်မာနိုင်ငံမှတစ်ဆင့် သို့မဟုတ် မြန်မာနိုင်ငံသို့ ကုန်သွယ်တင်ပို့မှုများအပေါ်တွင် သက်ရောက်သည့် OFAC ၏ အထူးကန့်သတ်ချက် စာရင်းတွင်ပါဝင်သော သို့မဟုတ် အရေးယူပိတ်ဆို့မှုများဖြင့် တားမြစ်ထားသော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီတစ်ခုနှင့် ပတ်သက်ဆက်စပ်ဆောင်ရွက်မှုကိုကန့်သတ်တားမြစ်ထားခြင်းကို ကျော်လွှန်ပြီး စီးပွားရေးလုပ်ငန်းကိစ္စရပ်များ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ဤလိုင်စင်က ခွင့်ပြုပါသည်။

ဒုတိယတစ်ချက်အနေဖြင့် ကုန်သွယ်ရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းကိစ္စရပ်များအား ပိုမိုပံ့ပိုးနိုင်စေရန်အတွက် မြန်မာနိုင်ငံအတွင်း ကုန်စည်ပစ္စည်းများ ရွှေ့ပြောင်းနေရာချထားမှုအပေါ် သက်ရောက်သည့် စီးပွားရေးလုပ်ငန်းကိစ္စရပ်တချို့ကို ခွင့်ပြုသော အထွေထွေလိုင်စင်ကိုဖြည့်စွက်ခြင်းဖြင့် OFAC သည် ဤခွင့်ပြုချက်ကို တိုးချဲ့ခဲ့သည်။ ယင်းတွင် မြန်မာနိုင်ငံအတွင်းရှိ အခြားကုန်စည်ဒိုင်များသို့ ဆက်လက်ဖြန့်ဖြူးနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ကုန်လှောင်ရုံတစ်ခုမှ ကုန်စည်ပစ္စည်းများကို သယ်ယူပို့ဆောင်ရေးလည်း ပါဝင်သည်။

ထိုပြင်ဆင်ချက် နှစ်ခုကြောင့် မြန်မာနိုင်ငံအတွင်းနှင့် အနှံ့အပြားတွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စေမည်ဖြစ်သလို အမေရိကန်နှင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအခွင့်အလမ်းများကိုလည်း တိုးပွားလာစေမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံး(OFAC)၏ အထူးကန့်သတ်ချက်စာရင်းတွင်ပါရှိသည့် အင်းဝဘဏ်နှင့် မြဝတီဘဏ်တို့ကိုမူ အထွေထွေလိုင်စင်တွင် ထည့်သွင်းဖြည့်စွက်လျက်ရှိသဖြင့် မေ ၁၈ ရက်တွင် ပြင်ဆင်ချက် အတည်ဖြစ်၊ မဖြစ်ကို သိရမည်ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်ခဲ့ပါက မြန်မာနိုင်ငံအတွင်းရှိ ဘဏ္ဍာရေးအဖွဲ့အစည်းများအားလုံးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်အများစုကို လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိတော့မည်ဖြစ်သည်။

သို့ရာတွင် အေးရှားဝေါလ်မှ ၅၀ ရာခိုင်နှုန်းနှင့်အထက် ပိုင်ဆိုင်မှုရှိသည်ဟု အမေရိကန်အစိုးရက ဖော်ထုတ်တွေ့ရှိထားသည့် Asia Mega Link Services Co., Ltd.၊ Pioneer Aerodrome Services Co., Ltd.၊ Green Asia Services Co., Ltd.၊ Global World Insurance Company Limited နှင့် Shwe Nar Wah Company Limited တို့ကိုမူ ပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်ထားမည်ဟု ယင်းကြေညာချက်တွင် ပါရှိသည်။

အမေရိကန်အစိုးရ၏ ဖြေလျှော့မှုများ မပြုလုပ်မီ မေ ၁၀ ရက်က ရန်ကုန်မြို့ အမေရိကန်သံရုံးတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၏ ပထမဆုံး မြန်မာပြည်သူများသို့ ပြောကြားသည့် မိန့်ခွန်း၌ "ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ ကုန်သွယ်မှုမြှင့်တင်သွားမယ်။ နှစ်နိုင်ငံပြည်သူတွေ အကျိုးစီးပွားဖြစ်ထွန်းမယ့် ရင်းနှီးမြှုပ်နှံမှုတွေကို မြှင့်တင်သွားမယ်" ဟု ပြောကြားခဲ့သည်။

လာမည့် မေ ၂၂ ရက်တွင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည်လည်း မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏ ယခုခရီးစဉ်သည် မြန်မာအစိုးရသစ်၏ တစ်လကျော်ကြာမြင့်သည့် သက်တမ်းအတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး ၎င်းအနေဖြင့် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်သည်။

အမေရိကန်သည် မြန်မာနိုင်ငံနှင့် ၁၉၄၇ခုနှစ်တွင် သံတမန် ဆက်ဆံရေး စတင်ခဲ့သည့် အစောဆုံး နိုင်ငံတစ်ခုဖြစ်သော်လည်း ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် သံတမန်ဆက်ဆံရေး အေးစက်ခဲ့သည်။ အမေရိကန်မှ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေးအကြား အခက်အခဲများ ရှိခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မြန်မာနိုင်ငံနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုကို ပြန်လည်စတင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် မြန်မာနိုင်ငံသို့ ပထမဦးဆုံး လာရောက်ခဲ့သည်။ မြန်မာနိုင်ငံ၏ ယခင်အစိုးရသက်တမ်းအတွင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်တိုင်တိုင် လာရောက်ခဲ့သည်။

**(သတင်း-မြတ်သန္တာမောင်၊ ဓာတ်ပုံ-အငယ်လေး)**

# ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်လိုသူများ YPP တွင် လျှောက်ထားနိုင်

**နေပြည်တော် မေ ၁၈**

ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်လိုများအနေဖြင့် The Young Professionals Program (YPP) တွင် လျှောက်ထားနိုင်ကြောင်း ကုလသမဂ္ဂလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုရုံးမှ သိရှိရသည်။

YPP သည် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်လိုသူများကို ဝင်ခွင့်စာမေးပွဲစနစ်ဖြင့် နှစ်စဉ် အလုပ်ခန့်ထားသည့်အစီအစဉ်ဖြစ်ပြီး ယခုနှစ်အတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားရမည့်ကာလမှာ ၁၉-၅-၂၀၁၆ ရက်မှ ၁၉-၇-၂၀၁၆ ရက်အထိဖြစ်သည်။ ယခုနှစ်အတွက် စီးပွားရေးပညာရပ်နှင့် သိပ္ပံနှင့် နည်းပညာရပ်တို့နှင့်သက်ဆိုင်သည့် ရာထူးနေရာများအတွက် ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲကို ၁၄-၁၂-၂၀၁၆ တွင် ပြုလုပ်သွားမည်ဟုသိရသည်။ အောင်မြင်သူများကို ကုလသမဂ္ဂအငယ်တန်း ကျွမ်းကျင်သူများအဖြစ် ခန့်အပ်သွားမည်ဖြစ်သည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအနေဖြင့် အနည်းဆုံး တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိထားရမည်ဖြစ်ပြီး အင်္ဂလိပ်စကား သို့မဟုတ် ပြင်သစ်စကားကို သွက်သွက်လက်လက်ပြောဆိုနိုင်သူဖြစ်ရမည်ဟု သိရသည်။ လျှောက်ထားသူသည် ယခုနှစ်ကုန်တွင် အသက် (၃၂)နှစ် အောက်ရှိသူဖြစ်ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို http://carees.un.org တွင် စုံစမ်းလေ့လာနိုင်သည်ဟု သိရသည်။ **(ကြေးမုံ)**

❂ **ကျောဖုံးမှ**

**ဒေါ်ခင်သန္တာမြင့်**
**စီမံချက်မန်နေဂျာ၊**
**ActionAid Mynamar**

မြန်မာနိုင်ငံ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသအသီးသီးမှာ ရှိကြတဲ့ အသက်(၁၀)နှစ်ကနေ (၁၉)နှစ်ကြားမှာရှိတဲ့ ဆယ်ကျော်သက်လူငယ်တွေ တွေ့ဆုံကြတာပါ။ သူတို့ကြားမှာရှိတဲ့ အခက်အခဲတွေ၊ လိုအပ်ချက်တွေကို ဆွေးနွေးဖော်ထုတ်နိုင်ဖို့ ဒီပွဲကို စီစဉ်တာပါ။ ကျေးလက်ဒေသက လူငယ်တွေ၊ မသန်စွမ်းဆယ်ကျော်သက် လူငယ်တွေ၊ ကျောင်းတက်နေတဲ့ ဆယ်ကျော်သက်လူငယ်တွေ၊ ကျောင်းပြင်ပ ရောက်နေတဲ့ ဆယ်ကျော်သက် လူငယ်တွေ၊ အလုပ်လုပ်နေတဲ့ ဆယ်ကျော်သက် လူငယ်တွေ၊ ကင်းထောက်လူငယ်တွေ၊ ကြက်ခြေနီလူငယ်တွေ အားလုံးအယောက် ၄၀၀ကျော် တက်ကြတယ်။

နှစ်ရက်တာ အစီအစဉ်မှာ ဆယ်ကျော်သက်လူငယ်တွေရဲ့ လိုအပ်ချက်တွေ ဆွေးနွေးမယ်။ ဒေသအချင်းချင်းက အတွေ့အကြုံတွေမျှဝေကြမယ်။ ဒုတိယနေ့မှာ သက်ဆိုင်ရာကဏ္ဍအလိုက် အစိုးရဌာနဆိုင်ရာတာဝန်ရှိသူတွေက အပြန်အလှန်ဆွေးနွေးမယ်။ ဆယ်ကျော်သက်လူငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေရှိမယ်။ အဲဒါတွေကို အဖြေရှာမယ်။

တစ်ဦးချင်း အခက်အခဲတွေ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းအဆင့် အခက်အခဲတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတာတွေ ဆွေးနွေးမယ်။ ဒီကနေတစ်ဆင့် ဆယ်ကျော်သက်လူငယ်တွေရဲ့ မူဝါဒရေးရာ ကြေညာချက်တစ်စောင် ပေါ်ထွက်လာမယ်။ ပြီးရင် ဌာနဆိုင်ရာတွေကို တင်ပြမယ်။ ဆယ်ကျော်သက်လူငယ်တွေရဲ့ လိုအပ်ချက်တွေကို အစိုးရသစ်ရဲ့ ရက်ပေါင်း(၁၀၀) အတွင်းမှာ နိုင်ငံတော်အဆင့် ကျင်းပတဲ့ ဆယ်ကျော်သက်ညီလာခံ ဖြစ်တဲ့အတွက် ကလေးတွေအတွက် အင်မတန်ကောင်းတယ်။ ဒီကနေထွက်လာတဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ လူငယ်ရေးရာအခန်းကဏ္ဍမှာ အထောက်အကူပြုမယ်လို့ ယုံကြည်တယ်။



ဖြူဖြူသင်း



ဒေါ်ခင်သန္တာမြင့်



သဇင်ငြိမ်းခေတ်



မျိုးသန္တာဦး



Aaron Green Berg

**Aaron Green Berg**
**Chief of Child Protection**
**( UNICEF)**

အချို့ဆယ်ကျော်သက်လူငယ်တွေ အရွယ်ရောက်ပြီဆိုရင် (၁၀)နှစ် (၁၁)နှစ်လောက်မှာ ကျောင်းမတက်ကြဘူး။ တချို့က ကျောင်းတက်တယ်။ တချို့က ကျောင်းထွက်လိုက်တယ်။ လုပ်ငန်းခွင်ဝင်သွားတယ်။ သူတို့ကပိုပြီးတော့ ခက်ခဲကြတယ်။ ကျောင်းနေတဲ့သူပဲဖြစ်ဖြစ်၊ ကျောင်းမနေတဲ့သူပဲဖြစ်ဖြစ် သူတို့ အတွေ့အကြုံတွေက မတူဘူး။ အရမ်းကွာတယ်။ ကျောင်းနေတဲ့ ကလေးတွေနဲ့ အပြင်မှာနေတဲ့ကလေးတွေရဲ့ အသံတွေကြားနိုင်ဖို့ သူတို့ရဲ့ သဘောထားတွေ၊ အတွေ့အကြုံတွေ သိနိုင်ဖို့ ရည်ရွယ်ပြီးလုပ်တာပါ။ လွန်ခဲ့တဲ့ (၂)နှစ်တုန်းက လူမှုဝန်ထမ်းဦးစီးဌာနက အမျိုးသားအဆင့် လူငယ်မူဝါဒလုပ်ဖို့ စတင်ခဲ့တယ်။ မူဝါဒဖြစ်ပေါ်လာဖို့ UNICEF က ကူညီဆောင်ရွက်ပေးဖို့ရှိတယ်။ လူငယ်မူဝါဒလုပ်တဲ့အခါ မြန်မာနိုင်ငံမှာ လူငယ်အဖွဲ့တွေ အများကြီးရှိတယ်။ တချို့အသက်တွေက ကြီးနေတယ်။ ဆယ်ကျော်သက်အရွယ် အသက်(၂၀) အောက်ကလေးတွေ မပါနိုင်ကြဘူး။ ပါလာအောင်လုပ်ဖို့ လူငယ်အစီအစဉ်တွေ လုပ်ခဲ့တယ်။

ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် နိုင်ငံမှာကြုံတွေ့နေရတဲ့ အခက်အခဲတွေ အကုန်လုံးကို အစိုးရတစ်ခုတည်း မကျော်လွှားနိုင်ဘူး။ အားလုံးလက်တွဲလုပ်ရမယ်။ အားလုံးပူးပေါင်း ဆောင်ရွက်လုပ်မှသာ အခက်အခဲတွေကို ကျော်လွှားနိုင်မှာဖြစ်တယ်။ အစိုးရသစ်မှာ လူငယ်တွေနဲ့ ပတ်သက်ပြီး မျှော်မှန်းချက်တွေ၊ ရည်မှန်းချက်တွေ ရှိတယ်။ ဝိုင်းပြီးလုပ်ဆောင်သွားမှ ဖြစ်မယ်။ အစိုးရတစ်ခုတည်း လုပ်လို့မရဘူး။ အစိုးရသစ်မှာ ကောင်းမွန်တဲ့ မျှော်မှန်းချက်တွေရှိတဲ့အတွက် လူငယ်တွေနဲ့ပတ်သက်ပြီး ဖြစ်မြောက်အောင် လုပ်နိုင်လိမ့်မယ်လို့ ထင်မြင်မိတယ်။

**သဇင်ငြိမ်းခေတ်**
**(မသန်စွမ်းလူငယ်)**

ရန်ကုန်ကလာပြီးတော့ ဆယ်ကျော်သက်လူငယ်များ ညီလာခံလာတက်တာပါ။ လူငယ်တွေအတွက် ပိုကောင်းလာမယ်လို့ မျှော်လင့်တယ်။ ညီလာခံကနေ အကောင်းဆုံးမူဝါဒတွေ ချမှတ်နိုင်မယ်လို့လည်း မျှော်လင့်တယ်။ တစ်ယောက်နဲ့တစ်ယောက် အတွေ့အကြုံတွေ ဖလှယ်ခွင့်ရတယ်။ အဓိကပြောချင်တာက မသန်စွမ်းတွေအတွက် ကိုယ့်ဘာသာကိုယ် ဗီးလ်ချဲနဲ့ သွားနိုင်အောင် ပလက်ဖောင်းတွေ လုပ်ပေးစေချင်တယ်။ အစိုးရသစ်အပေါ်မှာလည်း လူငယ်တွေနဲ့ ပတ်သက်ပြီး အကောင်းဆုံး လုပ်ပေးမယ်လို့ မျှော်လင့်ပါတယ်။

**မျိုးသန္တာဦး**
**မြိုင်မြို့နယ် မကွေးတိုင်းဒေသကြီး**

ဒီပွဲမှာ အတွေ့အကြုံတွေ အမြင်တွေ ဖလှယ်ခွင့်ရတယ်။ ကိုယ်မသိသေးတဲ့အရာတွေ အများကြီးသိရတယ်။ ဒါက မြန်မာနိုင်ငံမှာ ပထမဦးဆုံးလုပ်တဲ့ ဆယ်ကျော်သက်လူငယ်ညီလာခံဖြစ်ပါတယ်။ အစိုးရသစ်အနေနဲ့ လူငယ်တွေနဲ့ ပတ်သက်ပြီး ပညာရေး၊ ကျန်းမာရေးတွေကို ထောက်ပံ့ပေးစေချင်တယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေကိုလည်း ဖန်တီးပေးစေချင်တယ်။

**စည်သူမောင်**
**ကင်းထောက်လူငယ်၊**
**အထက (၅)၊ ဇမ္ဗူသီရိမြို့နယ်**

အရင်က ကိုယ်မသိသေးတဲ့ ဗဟုသုတတွေရတယ်။ ရှေ့လာမယ့် အနာဂတ်အတွက်လည်း အထောက်အကူပြုမယ်ထင်တယ်။ တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းဖလှယ်လို့ရတယ်။ အခြားသူတွေရဲ့ အတွေ့အကြုံတွေကိုလည်း အများကြီးသိခွင့်ရတယ်။ လူငယ်တွေကတော့ အစိုးရသစ်အပေါ်မှာ အများကြီး မျှော်လင့်တယ်။ မျှော်လင့်သလို ဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်တယ်။

**ဖြူဖြူသင်း**
**ကွန်နိုင်းကြီးကျေးရွာ၊**
**ဖျာပုံအောက်ပိုင်း**

လုံးဝအိပ်မက်မက်ထားတဲ့ နေရာမျိုးကို ရောက်လာတယ်။ ညီလာခံမှာ ဆရာ ဆရာမတွေပြောပြတဲ့အတွက် ဗဟုသုတတွေရတယ်။ ဆွေးနွေးပွဲမှာ လူငယ်အချင်းချင်း သူတို့ရွာက ဘာတွေလုပ်နေလဲ၊ ကိုယ့်ရွာမှာ မလုပ်ရသေးဘူးဆို သူတို့ရဲ့ ဗဟုသုတ အတွေ့အကြုံတွေကိုယူပြီး မဖြစ်ဖြစ်အောင် လုပ်မယ်လို့ သန္နိဋ္ဌာန်ချထားတယ်။ ဆွေးနွေးပွဲမှာ ကိုယ့်စိတ်ထဲမှာရှိတာတွေ ပြောကြတယ်၊ ကိုယ်ဖြစ်ချင်တာတွေ ပြောကြတယ်။

# KIA အဖွဲ့ထံမှ လက်နက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ နန့်ယားကျေးရွာအုပ်စု စတော့မော်ကျေးရွာမှ အပြစ်မဲ့ပြည်သူ ခုနစ်ဦးကို KIA အဖွဲ့က အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ငါးဦးသာ ပြန်လည်စေလွှတ်ပေးခဲ့သဖြင့် ကျန်ရှိသူ နှစ်ဦးအား ကယ်ဆယ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ပြည်သူ့စစ်(ဌာနေ) အဖွဲ့များနှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက် နံနက်ပိုင်းက ပွိုင့် ၆၄၆ ချန်ကာဘွမ်အနီး၌ KIA အဖွဲ့ အင်အား ၃၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ ၎င်းတို့အဖွဲ့မှာ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေး သွားခဲ့သည်။

ဆုတ်ခွာထွက်ပြေးသွားသော KIA အဖွဲ့နောက်သို့ လိုက်လံရှင်းလင်းခဲ့ရာ မြေစိုက်တဲတစ်လုံးအား တွေ့ရှိရသဖြင့် ဝင်ရောက်ရှင်းလင်းရာ လက်နက်ငယ် ၃၉ လက်၊ လက်နက်ကြီး သုံးလက်၊ စုစုပေါင်း လက်နက်မျိုးစုံ ၄၂ လက်၊ ကျည်မျိုးစုံ ၂၀၅ တောင့်၊ ဗုံးသီးခြောက်လုံး၊ လက်ပစ်ဗုံး လေးလုံး၊ ကျည်အိမ်များ၊ မိုင်းထောင်ရာတွင် အသုံးပြုသော ယမ်းကြိုးများနှင့် ခါတ်ခဲများအား



ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။**(အပေါ်ပုံ)**

ထို့ပြင် မေ ၁၇ ရက် ညနေပိုင်းတွင် ၎င်းနေရာဝန်းကျင်၌ ကျည်မျိုးစုံ ၁၀၄၇၆ တောင့်၊ ဗုံးသီးမျိုးစုံ ၁၅ လုံး၊ စက်လတ်ကျည်ခါးပတ်တွဲ ခုနစ်တွဲ၊ လက်ပစ်ဗုံးအလုံး ၇၀၊ လက်နက်ငယ်ကျည်အိမ် ၂၆ ခု၊ ယမ်းကြိုးအရှည် (၅၀)ပေ ၁၅ ခွေ၊ ဒီတိုနေတာ ၂၆၀ ခုတို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် ပြည်သူများ ကယ်ဆယ်ရေးနှင့် KIA အဖွဲ့ ခိုအောင်းနေထိုင်လှုပ်ရှားမှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆည်အတွင်းရေဝင်ရောက်မှုနည်းပါးခြင်းကြောင့် စက်ပိုင်းဆိုင်ရာလည်ပတ်နိုင်ခြင်းမရှိ

**မြစ်သား မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ရန်ကုန်-မန္တလေးကားလမ်းပေါ် ကူမဲမြို့အရှေ့ဘက် ၂၀ မိုင်အကွာရှိ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နှစ်စဉ် လျှပ်စစ်ဓာတ်အားယူနစ်သန်းပေါင်းများစွာကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်း မရှိကြောင်း သိရသည်။

ကင်းတားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ဘက်စုံသုံးရေလှောင်တမံ စီမံကိန်းဖြစ်ပြီး အဓိကအားဖြင့် ဆည်မြောင်းရေတောင်းခံမှုအပေါ် မူတည်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် ကင်းတားရေလှောင်တမံအတွင်း မြစ်ရေဝင်ရောက်မှု အလွန်နည်းပါးလာခြင်းကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၄၀ သန်းကို ဝန်ကြီးဌာနကို တင်ပြလျာထားခဲ့သော်လည်း တကယ်တမ်း လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၄၇ သန်းအထိ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ အင်ဂျင်နီယာမှူးကြီးက ပြောသည်။

"ဒီဇိုင်းအရ အမှန်အတိုင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရမှာဆိုရင် တစ်နှစ်ကို ယူနစ်သန်းပေါင်း ၁၆၅ သန်း ထုတ်လုပ်ပေးရမှာပါ။ ရာခိုင်နှုန်းအားဖြင့် လေးပုံတစ်ပုံတောင် မထုတ်လုပ်ပေးနိုင်ခဲ့ပါဘူး။ ယခုကင်းတားရေအားလျှပ်စစ်စက်ရုံ ပိတ်ထားရခြင်းဟာလည်း အဓိကအနေနဲ့ ကင်းတားရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနည်းပါးလို့ ရေအားလျှပ်စစ်ထုတ်လုပ်တဲ့ စက်ပိုင်းဆိုင်ရာတွေ မလည်ပတ်နိုင်ခြင်းကြောင့် ဧပြီ ၁၃ ရက်က စတင်ပြီး ယနေ့အထိ ပိတ်ထားရတာပါ။ ဆည်တမံအတွင်း ဘာကြောင့် ရေဝင်ရောက်မှုနည်းပါးလာခြင်းကို ပြန်ကြည့်မယ်ဆိုရင် ရာသီဥတုရွေ့လျားပြောင်းလဲခြင်း၊ သစ်တောများပြုန်းတီးခြင်းနဲ့ မိုးခေါင်ခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းဆိုတဲ့ အချက်သုံးချက်ကြောင့်ပါ"ဟု ၎င်းက ပြောသည်။

"ဆည်တမံများအတွင်း ရေဝင်ရောက်မှုနည်းပါးလာပြီး ကျွန်တော်တို့ ရေအားလျှပ်စစ်ထုတ်လုပ်မှုအပိုင်းကိုပါ ထိခိုက်လာသလို နှစ်စဉ်ယူနစ်သန်းပေါင်းများစွာ နည်းပါးလာပြီး အခုအခါမှာလည်း ရေနဲ့လည်ပတ်နေရတဲ့ စက်ပိုင်းဆိုင်ရာတွေကို ရပ်တန့်ထားရတာပါ။ ကင်းတားရေအားလျှပ်စစ် ထုတ်လုပ်ပေးနေတဲ့ မြို့တွေအနေနဲ့တော့ သာစည်မြို့နယ် အင်းကုန်းဘက်ကို ဖြန့်ဖြူးပေးခဲ့တာပါ။ အဲဒီမှာရှိတဲ့ လျှပ်စစ်ဓာတ်အားခွဲရုံမှတစ်ဆင့် တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအနေနဲ့ ရေရှိမှ စက်ပိုင်းဆိုင်ရာတွေဟာ လည်ပတ်လို့ရတာကြောင့် ကင်းတားတမံအနီးက သစ်တော၊ သစ်ပင်တွေမှ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးမှာရှိနေတဲ့ သစ်တော၊ သစ်ပင်တွေကို ပြည်သူများကလည်း ထိန်းသိမ်းသလို သက်ဆိုင်ရာဌာနတွေကလည်း ဝိုင်းဝန်းထိန်းသိမ်းနိုင်မှ တောတောင်တွေ မပြုန်းတီးဘဲ ဆိုးရွားစွာဖြစ်ပေါ်နေတဲ့ ရာသီဥတုဖောက်ပြန်ခြင်းနဲ့ ကင်းဝေးမှာပါ"ဟု အင်ဂျင်နီယာမှူးကြီးက ဆက်၍ပြောသည်။

**ကျော်ကျော်(မလှိုင်)**



# ဂျပန်နိုင်ငံ နှစ်ရှည်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြို့ရေပေးရေးစီမံကိန်း

**ပဲခူး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မေ ၁၃ ရက်တွင် ဂျပန်နိုင်ငံနှစ်ရှည်ချေးငွေ (JICA ODA LOAN) ရယူ၍ ဆောင်ရွက်လျက်ရှိသည့် မြို့ရေပေးရေးလုပ်ငန်း ရေစစ်ကန်များ၊ ရေလှောင်ကန်များ၊ ရေစက်ရုံများ တည်ဆောက်နေမှုနှင့် ရေပိုက်လိုင်းများ လဲလှယ်နေမှု အခြေအနေအား ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ကွင်းဆင်း၍ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# မုံရွာ၊ ကလေးဝ၊ ဟုမ္မလင်းနှင့် ကသာမြို့များတွင် ရေယာဉ်များ အန္တရာယ်ကင်းဝေးရေး မိုးရာသီမတိုင်မီ ပညာပေးမှုများပြုလုပ်

**မုံရွာ မေ ၁၈**

မိုးရာသီကာလမတိုင်မီ ရေယာဉ်များအန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲများကို ချင်းတွင်းမြစ်တစ်လျှောက် မုံရွာ၊ ကလေးဝ၊ ဟုမ္မလင်းနှင့် ဧရာဝတီမြစ်ဘေးတွင်ရှိသော ကသာမြို့များသို့ စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်နှင့်အဖွဲ့က ဦးစီးကျင်းပလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကော်မတီရုံးတွင် မေ ၁၄ ရက် မွန်းလွဲ ၂ နာရီက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင် ဦးဆောင်၍ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ရေယာဉ်အသင်းပိုင်ရှင်များကို မိုးရာသီမတိုင်မီ ရေယာဉ်များအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

"သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ လေပြင်းတိုက်တာ၊ ရေလွှမ်းတာ၊ မီးဘေးနဲ့ လျှောင်ဘေးတို့မှာ အခုကာလဟာ မိုးရာသီကျရောက်တော့မှာဖြစ်တဲ့အတွက် အနောက်တောင်က လေပြင်းတိုက်ခတ်တတ်ပါတယ်။ အဲဒါကြောင့် ကျရောက်နိုင်တဲ့ ရေကြောင်းအန္တရာယ်ကင်းစေဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားဖို့နဲ့ လိုအပ်တဲ့ညွှန်ကြားချက်တွေ သတ်မှတ်ချက်တွေကို လိုက်နာဆောင်ရွက်သွားဖို့လိုပါတယ်"ဟု တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မှတ်ပုံတင်ထားသော သက်တမ်းရှိ ခရီးသည်တင်ရေယာဉ်မှာ ၁၄၅ စီး၊ လိုင်စင် အကြီးကုန်တင်ရေယာဉ် ၁၄၅ စီး၊ တိုင်းဒေသကြီးလိုင်စင်ဖြစ်သည့် မျဉ်း၂၀ အထက် ကုန်တင် စက်တပ်ရေယာဉ် ၃၀၈ စီး ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# စိုက်ပျိုးရေး၊ မွေးမြူရေး အထောက်အကူပြုသင်တန်းဖွင့်

**လှိုင်းဘွဲ့ မေ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တာကရားကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို မေ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ကျေးလက်ဒေသလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသည် ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး သင်တန်းသို့ ကျေးရွာလေးရွာမှ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ မေ ၁၅ ရက်မှ ၂၅ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မြင်းခြံမြို့ ဇေယျာသီရိ ရေလှူအသင်းမှ ငါးသရောက်မြို့ အမှတ်(၂)ရပ်ကွက်သို့ သောက်သုံးရေများလှူဒါန်း

**ငါးသရောက် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့ အမှတ်(၂)ရပ်ကွက် ထန်းငယ်တောရပ်မှ ရပ်ကွက်နေပြည်သူများ ယခုနှစ်အယ်နီညိုရာသီကြောင့် နှစ်စဉ် သောက်သုံးရေအတွက် မှီခိုအားထားပြုနေရသည့် မြနန္ဒာကန်တော်ကြီးတွင် ရေများခန်းခြောက်သွားသည့်အတွက် သောက်သုံးရေအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်းသိရ၍ မေ ၁၇ ရက် နံနက်ပိုင်းက မြင်းခြံမြို့ ဇေယျာသီရိရေလှူတော်အသင်းမှ သောက်သုံးရေများ လာရောက်လှူဒါန်းပေးနေကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်းပေးရာတွင် မြင်းခြံမြို့ ဇေယျာသီရိရေလှူအသင်းမှ ရေပုံးအရေအတွက်ပေါင်း ၄၃၀ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရပြီး ရေလှူအသင်းအဖွဲ့သားများက အမှတ်(၂)ရပ်ကွက်မှ ရပ်ကွက်နေပြည်သူများအား တစ်အိမ်လျှင် ရေပုံး နှစ်ပုံးနှုန်း ဖြန့်ဝေလှူဒါန်းပေးခဲ့ရာ အမှန်တကယ်သောက်သုံးရေအခက်အခဲဖြစ်ရသည့်အချိန်တွင် သောက်သုံးရေလာရောက်လှူဒါန်းပေးသည့်အတွက် ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# ဆန္ဒမဲအရေအတွက် ၄၂၀ အသာဖြင့် မင်္ဂလာဈေးကြီး အသစ်တည်ဆောက်ခွင့်ရ

မီးဘေးနှစ်ကြိမ်သင့်ခဲ့သည့် မင်္ဂလာဈေးကြီးအား အသစ်ပြန်လည်တည်ဆောက်ချင်သူနှင့် အကြီးစား ပြန်လည် ပြင်ဆင်မွမ်းမံချင်သူ ဈေးသူဈေးသားတို့အကြား သဘောထားကွဲလွဲနေသည့်အတွက် လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ဆန္ဒမဲပေးဆုံးဖြတ်စေခဲ့ရာ အသစ်တည်ဆောက်လိုသည့်ဘက်က ဆန္ဒမဲအရေအတွက် ၄၂၀ အသာဖြင့် မင်္ဂလာဈေးကြီး အသစ်တည်ဆောက်ခွင့်ရတော့မည်ဖြစ်သည်။

မင်္ဂလာဈေးအသစ်တည်ဆောက်ခြင်း ပြု၊ မပြု ကိစ္စနှင့်စပ်လျဉ်းပြီး မေ ၁၆ ရက်နေ့က ရွှေမင်္ဂလာဈေး ၅လွှာတွင် ဈေးသူဈေးသားများ လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့သည့် မဲများအား ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ရေတွက်ခဲ့ရာ အသစ်ပြန်လည်တည်ဆောက်ချင်သူဘက်က ဆန္ဒမဲအရေအတွက် ၁၇၅၀ ကျော်ရရှိပြီး အကြီးစားပြင်ဆင်မွမ်းမံသူဘက်က ဆန္ဒမဲအရေအတွက် ၁၃၃၀ ကျော်ရရှိခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ သိရသည်။

"ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနကို မေလဆန်းပိုင်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က ဖိတ်ကြားပြီး ဒီဈေးပြန်လည်တည်ဆောက်ရေးကိစ္စနဲ့ ဈေးသူဈေးသားတွေရဲ့ သဘောထားဆန္ဒဘယ်လိုရှိလဲဆိုတာ မေးမြန်းခဲ့ပါတယ်။ လွှတ်တော်ရေးရာကော်မတီတွေကလည်း မြေပြင်အထိကွင်းဆင်းပြီး ပြန်မွမ်းမံမလား၊ အသစ်ဆောက်မလားဆိုတာ စစ်တမ်းကောက်ခဲ့ပါတယ်။ ဈေးသူဈေးသားတွေရဲ့ သဘောထားမှတ်ချက်ကို ရယူဖို့ ဆန္ဒမဲပေးခိုင်းခဲ့တာပါ။ ရရှိလာတဲ့ အဖြေပေါ် မှာမူတည်ပြီး ဌာနဆိုင်ရာအကြီးအကဲတွေရဲ့ လမ်းညွှန်မှုကိုခံယူပြီး အကောင်းဆုံးဆောင်ရွက်သွားမှာပါ။ အခု ရလဒ်တွေကိုလည်း သက်ဆိုင်ရာကို ချက်ချင်းတင်ပေးလိုက်ပါပြီ"ဟု ရန်ကုန်တောင်ပိုင်းခရိုင်ဈေးများဌာန မင်္ဂလာဈေးမှ လက်ထောက်ဌာနမှူး ဦးကျော်မြင့်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဈေးများဌာန၏ သတ်မှတ်ချက်အရ "က" အဆင့်ရှိသော မင်္ဂလာဈေးကြီးသည် ခေတ်မီဈေးဟုဆိုသော်လည်း မီးငြိမ်းသတ်စနစ်၊ ကားပါကင်စနစ်၊ အမှိုက်စွန့်စနစ်၊ စက်လှေကားစနစ်များ အားနည်းမှုကြောင့် ဈေးအင်္ဂါရပ်နှင့် ညီညွတ်ခြင်းမရှိခဲ့ကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။

"မင်္ဂလာဈေးက အရင်က စက်လှေကားရှိတယ်။ ဒါပေမယ့်အလုပ်မလုပ်ဘူး။ နောက် ခေတ်မီ မီးသတ်စနစ် ပုံစံယောင်ဆောင်ထားတဲ့ မီးသတ်စနစ် အဲဒီလို အားနည်းချက်တွေရှိတယ်။ တကယ်လည်းမီးဘေးဖြစ်လာရော သုံးလို့မရဘူး။ ခေတ်မီဈေးလို့သာပြောတာ အဲဒီဂုဏ်ပုဒ်နဲ့မညီဘူး။ အဲဒီအတွက် ခေတ်မီစနစ်တွေပါဝင်တဲ့ ခေတ်မီအဆောက်အအုံဖြစ်ဖို့ အသစ်ပြန်ဆောက်ဖို့လိုတယ်" ဟု ရွှေတယောအလှကုန်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ ဆိုင်ရှင်က ပြောသည်။

မင်္ဂလာဈေးကြီး အသစ်ပြန်လည်တည်ဆောက်ပါက အချိန်လွန်မင်းစွာ ကြာမြင့်မည်ကို စိုးရိမ်သည့်အတွက် အကြီးစား မွမ်းမံပြင်ဆင်လိုသူများလည်းရှိကြောင်း မင်္ဂလာဈေးအသိုင်းအဝိုင်းမှ သိရသည်။

"ဒီမင်္ဂလာဈေး အရင်တစ်ခေါက်လောင်တုန်းက ၄လနဲ့ ပြန်တက်ခွင့်ရတယ်။ အခုတစ်ခေါက် လွှတ်တော်မှာ ဥက္ကဋ္ဌ ဦးအောင်မြင့်နဲ့ အင်ဂျင်နီယာချုပ် ဦးဝင်းခိုင်ပြောသွားတဲ့ အကြီးစားမွမ်းမံလို့လည်းရတယ်လို့ပြောသွားတဲ့အတွက်ကြောင့် ၆ လနဲ့တက်ရမလားဆိုပြီး ရှိသမျှ အင်အားနဲ့ အခန်းငှားပြီးပြန်ဖွင့်နေတာ။ အသစ်ဆောက်လို့ ၃ နှစ်၊ ၄ နှစ်သာကြာမယ်ဆို အန်တီတို့ ဆက်ပြီးအရင်းအနှီးမလုပ်နိုင်ဘူး၊ ဘဝပါပျက်မှာ"ဟု ရွှေပြည်တန်အထည်ဆိုင်ပိုင်ရှင် ဒေါ်ရီမေက ပြောသည်။

ယခုလက်ရှိအချိန်ထိ မင်္ဂလာဈေးသစ်ကြီး တည်ဆောက်မည်ဟုဆိုသော်လည်း မဲခွဲဆုံးဖြတ်သည့် အဆင့်သာရှိသေးပြီး ကြာမြင့်မည့်အချိန်၊ အဆောက်အအုံနှင့်ပတ်သက်၍ ဈေးသူဈေးသားများအတွက် မည်သို့မည်ပုံ စီမံဆောင်ရွက်မည် စသည်တို့ကို တိတိကျကျမသိရသေးကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။

မင်္ဂလာဈေး မြေညီထပ်ဆိုင်ခန်းမှ ဒေါက်တာဝင်းမောင်က "ပြန်လည်မွမ်းမံရင်ကောင်းမလား၊ ပြန်ဖျက်ပြီးဆောက်ရင်ကောင်းမလားဆိုပြီး အငြင်းပွားစရာတွေဖြစ်လာတယ်။ ဒါဟာ တိကျတဲ့ အဖြေတစ်ခုကို မသိလို့ပဲ။ အသစ်ပြန်ဆောက်တာပဲဖြစ်ဖြစ်၊ အကြီးစားမွမ်းမံတာပဲဖြစ်ဖြစ် အစိုးရအဖွဲ့အနေနဲ့ အချိန်ဘယ်လောက်ကြာမယ်၊ ငွေဘယ်လောက်ကုန်ကျမယ်ဆိုတဲ့ တိကျတဲ့ အဖြေတော့ ပေးစေချင်တယ်။ အချိန်ကို ဘာ့ကြောင့်ပြောရတာလဲဆိုတော့ ဈေးသူဈေးသားတွေအတွက် အဓိကဖြစ်လို့၊ ဈေးသူဈေးသားတွေအတွက် အဆောက်အအုံလည်း အသစ်ရမယ်။ ငွေကုန်ကြေးကျနည်းမယ်၊ အချိန်ကုန်လည်းသက်သာမယ်ဆို အကောင်းဆုံးပေါ့ဗျာ" ဟု ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ယုဇနဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၁၉၉၈ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် မင်္ဂလာဈေးကြီးသည် ၂၀၁၀ ခုနှစ်တွင် တစ်ကြိမ်မီးလောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က နောက်ထပ်တစ်ကြိမ် မီးဘေးသင့်ခဲ့ရာ ဆိုင်ခန်းပေါင်း ၄၀၆၇ ရှိသည့်အနက် ၁၆၃၆ ခန်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဈေးများဌာနမှ သိရသည်။

ဒုတိယတစ်ကြိမ် မီးဘေးသင့်ခဲ့သည့် မင်္ဂလာဈေး ထိပ်ဆုံးထပ် လက်ဖက်ရည်ဆိုင်မှ ကိုမျိုးမင်းလတ်က "ဒီဈေးက နှစ်ခါလောင်ထားတာဆိုတော့ အသစ်ဆောက်တာပဲကောင်းမှာ။ လွှတ်တော်ထဲမှာ လူကြီးတွေပြောခဲ့တာပေါ့။ အသစ်ဆောက်မယ်ဆို ၁၅ လ၊ ၁၈ လ ဒါအကြာဆုံးပဲ။ အပြင်မှာ ၃နှစ်၊ ၄နှစ် ကြာမယ်ဆိုပြီး သတင်းတွေထွက်နေတာတွေက ကောလာဟလဖြစ်မှာပါ။မြန်မာပလာဇာလို အကြီးကြီးဆောက်တာတောင် ဘာမှမကြာလိုက်တာ အခုက အဲဒီလောက်မရှိပါဘူး။ ဒါ့ကြောင့် အသစ်ပြန်ဆောက်ဖို့ကို လက်ခံတာ။ ကျွန်တော်တို့က အခုအစိုးရကိုယုံတယ်"ဟု ပြောသည်။ **(သီသီမင်း/ဓာတ်ပုံ-ဖြိုး)**



ဆန္ဒမဲပေးနေသည့် ဈေးသူဈေးသားများအားတွေ့ရစဉ်။

## သဘာဝဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**မင်းဘူး မေ ၁၈**

သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ပြည်သူများသိရှိ၍ ပြုမူနေထိုင်တတ်စေရန်အတွက် ရည်ရွယ်၍ အသိပညာပေးလက်ကမ်းစာစောင်များကို မေ ၁၆ ရက်က ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ အစည်းအဝေးနှင့် လူစည်ကားရာနေရာများတွင် ဖြန့်ဝေပေးခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်များသည် တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကပေးပို့သည့် မီးဘေး၊ ရေဘေး၊ မိုးခေါင်ရေရှားဘေး၊ မုန်တိုင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ ဆူနာမီဘေး ပညာပေးလက်ကမ်းစာစောင်(၈)မျိုးကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးပြည့်(မင်းဘူး)**




## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထား

**မုံရွာ မေ ၁၈**

၂၀၁၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည့် ပြိုင်ပွဲများသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအဆင့်ကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပမည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် မူလတန်းအဆင့်ဖြစ်သည့် တတိယတန်းမှ တက္ကသိုလ်ဝင်တန်း(၁၀တန်း)အထိ ကျောင်းသား ကျောင်းသူများ အနေဖြင့် လျှောက်လွှာပုံစံ(၁)စောင်၊ ပတ်စ်ပို့(ကာလာ ၂ပုံ)၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံစာဖြင့် လည်းကောင်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် အထက်တန်းအဆင့်ဖြစ်သည့် (၈၊ ၉၊ ၁၀)တန်း၊ အလယ်တန်းအဆင့်ဖြစ်သည့် (၅၊ ၆၊ ၇)တန်းမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲ စည်းကမ်းချက်များအနေဖြင့် IBM ကွန်ပျူတာအမျိုးအစား ( Software, Programme- Corel Daw, Photoshop) ကြိုက်ရာဖြင့် ရေးဆွဲနိုင်ပြီး ပြိုင်ပွဲအသီးသီးမှ ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ဆုများ ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် လျှောက်လွှာများကို ပြိုင်ပွဲကျင်းပမည့်ရက် နံနက်ပိုင်းအထိ လက်ခံပေးမည်ဖြစ်ပြီး မူးယစ်တပ်ဖွဲ့စု(၈)ရုံး(မုံရွာ)သို့ လာရောက် ပေးပို့ကြရမည်ဖြစ်ကြောင်း မုံရွာခရိုင်ပြန်/ဆက် ဦးစီးမှူး ဒေါ်စိုးစိုးဝင်း၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ပန်းချီ၊ ကာတွန်း ပြိုင်ပွဲများကို မေ ၂၈ ရက်နှင့် ပိုစတာပြိုင်ပွဲကို မေ ၂၉ ရက်တွင် အထက(၂)မုံရွာ၌ လည်းကောင်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၉ ရက်တွင် ကွန်ပျူတာတက္ကသိုလ် မုံရွာ၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ လျှောက်လွှာပုံစံများအား မုံရွာမြို့ရှိ အထက(၁)၊ အထက(၂)၊ အထက(၃)၊ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပြန်/ဆက်ဦးစီးဌာနရုံးနှင့် မူးယစ်တပ်ဖွဲ့စု(၈)ရုံး(မုံရွာ)တို့တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်မေးမြန်းလိုပါက ဖုန်း ၀၇၁-၂၄၄၆၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## မိတ္ထီလာတွင် သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ကျပ်သန်းပေါင်းလေးထောင်ကျော် စတင်ထုတ်ချေး

**မိတ္ထီလာ မေ ၁၈**

မိတ္ထီလာမြို့နယ်တွင် ကျေးရွာအုပ်စု ၅၄ အုပ်စု ကျေးရွာပေါင်း ၃၀၀ ကျော်အတွက် ၂၀၁၆ ခုနှစ် သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ် သန်းပေါင်း ၄၂၈၃ သန်းကို ထုတ်ချေးရန်လျာထားပြီး မေ ၁၇ ရက် နံနက် ၁၀ နာရီမှစတင်ကာ ထုတ်ချေးပေးလျက်ရှိပြီး မေ၊ ဇွန်၊ ဇူလိုင် သုံးလအတွင်း ပြီးစီးအောင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့အတွက် ကျေးရွာဘဏ်နှစ်ခုဖြစ်တဲ့ သီးကုန်းကျေးရွာမှ တောင်သူ ၅၈ ဦး ၊ စပါးဧက ၁၃၃ ဧက ၊ နှမ်း ၁၅ ဧက အတွက် ဘဏ်ချေးငွေကျပ်သိန်း ၂၀၂. ၅၀ နဲ့ မကျီးကုန်းကျေးရွာမှ တောင်သူ ၁၂ ဦး၊ စပါး ၃၇ ဧက၊ နှမ်း ခုနစ်ဧကအတွက် ဘဏ်ချေးငွေ ကျပ်သိန်း ၅၆ ဒသမ ၉၀ စတင်ထုတ်ချေးပေးတာပါ"ဟု မြို့နယ်မန်နေဂျာ ဦးဝင်းဇော်က ပြောသည်။

မိတ္ထီလာတွင် ကျေးရွာအုပ်စုတစ်စုအား ကျေးရွာဘဏ်တစ်ခုအဖြစ်သတ်မှတ်ပြီး အုပ်စုအတွင်းပါဝင်သည့်ကျေးရွာများကို အစုအဖွဲ့အလိုက် ဘဏ်ချေးငွေများ ထုတ်ချေးခြင်းဖြစ်သည်။

ယခင်က စပါးတစ်ဧက ငွေကျပ်တစ်သိန်းသာ ထုတ်ချေးခဲ့ပြီး ယခုနှစ်မှစတင်၍ စပါးတစ်ဧက ငွေကျပ် တစ်သိန်းခွဲနှုန်းထုတ်ချေးခြင်းဖြစ်ပြီး နှမ်းနှင့် အခြားသီးနှံများအတွက် မူလအတိုင်း တစ်ဧက ငွေကျပ် နှစ်သောင်းနှုန်းဖြင့် သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်က မိတ္ထီလာတွင် ကျေးရွာဘဏ် ၅၄ ခုအတွက် သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေစုစုပေါင်း ငွေကျပ်သန်းပေါင်း ၂၈၆၂ ဒသမ ၁၈၀ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

သင့်စီးပွားရေးလုပ်ငန်း အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၉ - ၅ - ၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ
"တန်ဆေးလွန်ဘေး"
၆း၂၀ ကာတွန်းအစီအစဉ်
"Tales from Earth Sea"
(အပိုင်း-၁)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်သော ပုစ္ဆာ"
(အပိုင်း-၄၈)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"အချစ်စစ်ရဲ့ အလှတရား"
(အပိုင်း-၄၈)
၈း၂၀ တေးဂီတအစီအစဉ်
၈း၅၀ မြင်းလှည်းဆရာလေးအစီအစဉ်
၈း၆၀ နိုင်ငံတကာ
ရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၁၀ တေးဂီတအစီအစဉ်
၉း၃၀ English Premier League
(Review) (Part-II)
၉း၅၀ မြန်မာဗီဒီယိုဇာတ်လမ်း
"ဟော့ရှော့"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ လူငယ်လူရွယ်များ
ကျန်းမာဖွံ့ဖြိုးရေး
ဝိုင်းဝန်းကူညီဆောင်ရွက်ပေး"
၈း၃၅ "ပြည်သူ့အတွက်
ပထမရက်(၁၀၀)"
(သယံဇာတနှင့်
သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန)
၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၉း၄၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၃၅ အလုပ်အကိုင်အခွင့်လမ်း
အစီအစဉ်
၁၁း၁၅ Graphic Info
၁၁း၃၅ မြို့မငြိမ်း(၁၀၅)နှစ်ပြည့်
အထိမ်းအမှတ်
မန္တလေးမြို့မတူရိယာအသင်းနှင့်
နိုင်ငံတော်သံစုံတီးဝိုင်းတို့၏
ပူးပေါင်း ဖျော်ဖြေတင်ဆက်မှု
အစီအစဉ် (အပိုင်း-၁၂)
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"ရွှေထီးဆောင်းမိသားစု"
(အပိုင်း-၂၃)
၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ" (အပိုင်း-၂၃)
၂း၁၅ သုခုမရင်ခွင်အငြိမ့်အဘင်
"ငွေမိုးအေး အငြိမ့်"
(မင်းသမီး-အိရွှေစင်မော်၊
လူရွှင်တော်-ရော၊ မိုးကျော်၊ငွေမိုး)
(ဒါရိုက်တာ- ဖုန်းမြင့်အောင်)
၃း၃၅ Weekly Sport Info
၄း၄၅ Football Magazine
(ရှမ်းယူနိုက်တက်အသင်း)
၅း၁၅ ပြည်သူတို့ရဲ့စကားသံများ
၅း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၆း၃၅ ပြည်သူ့နီတိ"ဆိတ်ကွယ်ရာ"
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၂၄)
၈း၀၀ ပြည်တွင်းသတင်း၊
နိုင်ငံတကာသတင်း၊
မိုးလေဝသအခြေအနေ
၈း၃၅ "ပြည်သူ့အတွက်ပထမ
ရက်(၁၀၀)"
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန)
၉း၀၀ ပြည်တွင်းသတင်း
-လွှတ်တော်ရေးရာအဖြာဖြာ
-မီးသတ်တပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း
"191" (အပိုင်း-၅)
-(ပြေတီဦး၊ နိုင်းနိုင်း၊
မင်းမော်ကွန်း၊ မိုးဟေကို၊
ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း)
(ဒါရိုက်တာ-ဝိုင်း)
-နိုင်ငံခြားဇာတ်လမ်းတွဲ
"ရွှေထီးဆောင်း မိသားစု"
(အပိုင်း-၂၄)
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း -၃)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ယှဉ်ပြိုင်မှုများသော
ယခုခေတ်အလုပ်ခွင်တွင်
စိတ်ဖိစီးမှုများကို ကိုင်တွယ်နည်း
Emotions Management For Workplace in a Competitive World" တရားတော်
[ပါမောက္ခဒေါက်တာဘဒ္ဒန္တ
ဓမ္မသာမိ(အောက်စဖို့ဒ်
ဆရာတော် )]
၆း၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၆၆)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(ကျန်းမာပျော်ရွှင် အောင်မြင်
ငြိမ်းချမ်းသော ဘဝပန်းတိုင်ဆီသို့
ကျန်းမာရေးဟောပြောပွဲ
အခမ်းအနား)
၈း၀၀ "မင်္ဂလာပါ"
The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မ တို့ချစ်စကား"
(အပိုင်း-၁၁၄)
၁၀း၁၅ ခေတ်သစ်ပျို့မေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၂၅ Food &De'cor
၁၁း၅၅ MRTV- 4 Stage
၁၂း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင် ကုန်သည်"
(အပိုင်း-၇၉)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၂၆)
၃း၄၅ Miss Myanmar World 2016
၃း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(Comasia Limited Hongkong မှ (စီစဉ်ကျင်းပမည့် ကုန်စည်ပြပွဲများဆိုင်ရာမိတ်ဆက်ရှင်းလင်းပွဲ
အခမ်းအနား)
၄း၀၀ (၇၀)နှစ်မြောက်
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့
ဂုဏ်ပြုရုပ်သံဇာတ်လမ်း
"191" (အပိုင်း-၅)
၆း၁၀ Health Fix
၆း၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၆၇)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၂၇)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၁၁၅)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်" (အပိုင်း-၈၀)
၁၀း၁၀ MRTV-4 Stage
၁၀း၄၀ World of Knowledge
(CRASH SCIENCE: TRAIN)



# အမျိုးသမီးပေါ့ပ်အဖွဲ့သစ်တစ်ဖွဲ့ကို ပွဲထုတ်မည့် ဝိုင်ဂျီကုမ္ပဏီ

မကြာမီတွင် အမျိုးသမီးပေါ့ပ်အဖွဲ့သစ်တစ်ဖွဲ့ကို ပွဲထုတ်ကာ ပရိသတ်နှင့်မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား၏ ထိပ်တန်းအနုပညာ အေဂျင်စီတစ်ခုဖြစ်သည့် ဝိုင်ဂျီအင်န်တာတိန်းမန့်က တရားဝင်ပြောကြားခဲ့သည်။

"အသစ်ပွဲထုတ်မည့် အမျိုးသမီးပေါ့ပ်အဖွဲ့ကို လိုအပ်တဲ့အနုပညာပိုင်းဆိုင်ရာစစ်ဆေးမှုတွေ လုပ်ပြီးပါပြီ။ ဒီအဖွဲ့ကို ဇူလိုင်လလောက်မှာ ပွဲထုတ်မှာဖြစ်ပြီး အခုတော့ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေပါတယ်"ဟု အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မေ ၁၈ ရက်က ပြောကြားခဲ့သည်။

၎င်းအဖွဲ့သစ်တွင်ပါဝင်မည့်အဖွဲ့ဝင်များကို ကုမ္ပဏီအနေဖြင့် ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ကြောင်းနှင့် အားလုံးအာရုံစူးစိုက်နေတဲ့ ဒီမိန်းကလေးအဖွဲ့သစ်ကို အကောင်းဆုံးပွဲထုတ်နိုင်ဖို့ စီစဉ်နေပါတယ်။ သူတို့ရဲ့အနုပညာစွမ်းအားတွေကလည်း ပရိသတ်တွေ မျှော်လင့်ထားတာထက်သာလွန်နေမည်ကို မျှော်လင့်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဝိုင်ဂျီအင်န်တာတိန်းမန့်အနေဖြင့် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်က က အမျိုးသားကေပေါ့ပ်အဖွဲ့များဖြစ်သည့် WINNER နှင့် iKON တို့ကို ပွဲထုတ်ခဲ့ပြီး လွန်ခဲ့သည့် ခုနစ်နှစ်ခန့်က ယခုလက်ရှိတွင် လူကြိုက်များရေပန်းစားနေသည့် 2NE1 အဖွဲ့ကို ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့ဖူးကြောင်း သိရသည်။

# ဘေလ်ဘုတ်ဂီတဆုပေးပွဲတွင် စီလင်းဒီရွန်အား ICON Award ဆုချီးမြှင့်မည်ဖြစ်



မျိုးစန္ဒာမောင်
ရေးသားသည်

ဂီတလောကမှ ထူးချွန်ထင်ရှားသူများကို ဂုဏ်ပြုချီးမြှင့်သည့် Billboard Music Awards ဆုပေးပွဲတွင် ကနေဒါသူ ဂီတငွေကြယ်ပွင့် စီလင်းဒီရွန်အား ICON Award ဆုအား ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ICON Award ဆုဆိုသည်မှာ ဂီတလောကတွင် တစ်သက်တာအကောင်းဆုံးဆုအဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

Billboard Music Awards ဆုပေးပွဲကို မေ ၂၂ ရက်တွင် လတ်စ်ဗီးဂတ်စ်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားအစီအစဉ်များကို အေဘီစီရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး အဆိုပါဆုပေးပွဲကို ၁၉၈၉ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စီလင်းဒီရွန်ကိုရွေးချယ်ရတာက ဂီတလောကရဲ့မှတ်တိုင်တစ်ခုဆိုလည်း မမှားပါဘူး။ သူ့ဘဝအတွက် ဒီဆုပေးပွဲလေးက အမှတ်တရဖြစ်စေမှာပါ"ဟု ဆုပေးပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

## Angry Birds Movie ဇာတ်ကား မေ ၂၀ တွင် စတင်ပြသမည်

ကမ္ဘာပေါ်တွင် ရေပန်းစားနေသည့် ဂိမ်းတစ်မျိုးဖြစ်သည့် Angry Birds ဂိမ်းကို အခြေခံကာရိုက်ကူးထားသည့် The Angry Birds Movie ဇာတ်ကားကို သရီးဒီအန်နီမေးရှင်းဇာတ်ကားအဖြစ် ပြန်လည်ပုံဖော်ရိုက်ကူးခဲ့ရာ မေလအတွင်းက စတင်ဖြန့်ချိပြသခဲ့သည်။

အဆိုပါဇာတ်ကားကို မြောက်အမေရိကနှင့် တရုတ်နိုင်ငံတို့၌ မေ ၂၀ ရက်တွင် စတင်ပြသမည်ဖြစ်ပြီး ကမ္ဘာ့ရုပ်ရှင်ဈေးကွက် ၇၂ ခုသို့ ဖြန့်ချိပြသသွားမည်ဖြစ်သည်။



**တရုတ်နိုင်ငံ ပေကျင်းမြို့၌ မေ ၁၇ ရက်က ကျင်းပခဲ့သည့် ဇာတ်ကားမိတ်ဆက်ပွဲတွင် တက်ရောက်လာကြသူများ Angry Birds ဂိမ်းတွင် ပါဝင်ကစားနေကြစဉ်။**



# အက်ဖ်အေဖလားဗိုလ်လုပွဲ

ည ၁၁:၀၀ (၂၁-၅-၁၆) ဝင်ဘလေကွင်း

# မန်ယူအတွက် ပြိုင်ဘက်ကောင်းဖြစ်လာမယ့် ပဲလေ့စ်

ရှိုင်းမင်းမင်း

အင်္ဂလန်ဘောလုံးလောကရဲ့ အဓိကပြိုင်ပွဲတစ်ခုဖြစ်တဲ့ အက်ဖ်အေဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မေ ၂၁ ရက်မှာ ဝင်ဘလေကွင်းအတွင်းမှာ ယှဉ်ပြိုင်ကစားသွားကြဖို့ရှိနေပါတယ်။ အဆိုပါ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲမှာတော့ အင်္ဂလန်ရဲ့ ထိပ်တန်းအသင်းကြီးတစ်သင်းဖြစ်တဲ့ မန်ယူနဲ့ သာမန်အသင်းတစ်သင်းသာဖြစ်တဲ့ ပဲလေ့စ်တို့ ယှဉ်ပြိုင်ကစားသွားကြမှာဖြစ်ပါတယ်။ ဒီပြိုင်ဘက်နှစ်သင်းဟာ ဒီနှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲအတွင်းမှာ နှစ်ကြိမ်တိုင်တိုင်ဆုံတွေ့ခဲ့ပြီး အဆိုပါ နှစ်ကြိမ်စလုံးမှာ ပဲလေ့စ်ဟာ မန်ယူကို တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။

ပဲလေ့စ်အနေနဲ့ အဆိုပါ ပရီးမီးယားလိဂ် ပြိုင်ပွဲမှာ မန်ယူကိုအိမ်ကွင်းမှာ ရင်ဆိုင်ခဲ့ရတုန်းက ဂိုးမရှိ သရေသာ ကစားနိုင်ခဲ့သလို အဝေးကွင်းဖြစ်တဲ့မန်ယူရဲ့ အိမ်ကွင်းမှာလည်း ပဲလေ့စ်ဟာ နှစ်ဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့ရတယ်။ ဒါ့အပြင် ပဲလေ့စ်ဟာ မန်ယူနဲ့နောက်ဆုံး ခြောက်ကြိမ်ဆုံတွေ့ခဲ့ရာမှာလည်း တစ်ပွဲသာ သရေကစားနိုင်ခဲ့ကာ ငါးပွဲတိတိ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့် ပဲလေ့စ်ဟာမန်ယူအတွက် ဒီပွဲစဉ်မှာ ပြိုင်ဘက်ကောင်းတစ်သင်းဖြစ်လာနိုင်ပါ့မလားဆိုတာ သံသယဖြစ်စရာ အတော်လေးကောင်းနေပါတယ်။

ဒါပေမယ့် ပဲလေ့စ်ဟာဒီအက်ဖ်အေဖလားပြိုင်ပွဲအတွင်းမှာ ပြသနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ ထက်မြက်မှုရှိလွန်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပဲလေ့စ်ဟာ ဒီနှစ် အက်ဖ်အေဖလားပြိုင်ပွဲမှာ ငါးပွဲကစားခဲ့ရာမှာ လေးပွဲတိတိဟာ ခက်ခဲတဲ့ပရီးမီးယားလိဂ်ပြိုင်ဘက်တွေနဲ့သာ ရင်ဆိုင်ခဲ့ရတာဖြစ်ပြီး ဆောက်သမ်တန်၊ စတုတ်၊ စပါးစ်၊ ဝက်ဖို့ဒ်တို့နဲ့ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါပွဲတွေအနက် ဆောက်သမ်တန်နဲ့ စပါးတို့လိုအသင်းမျိုးတွေကို အဝေးကွင်းမှာ ရင်ဆိုင်ခဲ့ရတာလည်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပဲလေ့ဟာ အဆိုပါပွဲတွေမှာ အကောင်းဆုံးခြေစွမ်းတွေကို ထုတ်ပြနိုင်ခဲ့သလို ပြန်ကန်ပွဲတွေတောင် မကစားခဲ့ရဘဲ တစ်ပွဲတည်းနဲ့သာအနိုင်ယူကာ ပြိုင်ဘက်တိုင်းကို ကျော်ဖြတ်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဒါကြောင့်လည်း ပဲလေ့ဟာ ဒီပြိုင်ပွဲမှာ ခြေစွမ်းပိုင်း ထက်မြက်မှုအပြည့်ရှိခဲ့တယ်ဆိုတာ ထင်ရှားနေသလို ဒီအက်ဖ်အေဖလားပြိုင်ပွဲမှာ ဗိုလ်စွဲတဲ့အသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရယူနိုင်မှာဖြစ်ပြီး ဗိုလ်စွဲတဲ့အသင်းဟာ ဥရောပဝင်ခွင့်ရပြီးသားအသင်းဖြစ်နေရင် ဒုတိယရတဲ့အသင်းကို ယူရိုပါလိဂ်ဝင်ခွင့်ပေးမှာမဟုတ်ဘဲ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အဆင့်(၇)နေရာရတဲ့အသင်းကို ယူရိုပါလိဂ်ဝင်ခွင့်ပေးမှာဖြစ်လို့ ဒီရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ အဆင့်(၁၀)အတွင်းတောင် မဝင်ခဲ့တဲ့ ပဲလေ့စ်တို့အနေနဲ့ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်မှုနဲ့အတူ ယူရိုပါလိဂ်ပြိုင်ပွဲကိုတက်ရောက်ကစားနိုင်မယ့် အခွင့်အရေးကိုရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။

ဒါ့အပြင် ပဲလေ့စ်ဟာ ကလပ်သမိုင်းတစ်လျှောက်မှာ အင်္ဂလန်ရဲ့အဓိက ဆုဖလားတစ်လုံးမှမရသေးဘူးဆိုပေမယ့်လည်း ၁၉၉၀ ပြည့်နှစ်တုန်းက အခုလိုပဲ အက်ဖ်အေဖလားဗိုလ်လုပွဲကိုတက်ရောက်နိုင်ခဲ့ကာ မန်ယူနဲ့ပဲ ရင်ဆိုင်ကစားခဲ့ရဖူးပါတယ်။ ဒါပေမယ့်လည်း အဆိုပါ ဗိုလ်လုပွဲမှာ ပဲလေ့စ်ဟာအချိန်ပိုပြီးတဲ့အထိ မန်ယူကိုအနိုင်မရဘဲ သုံးဂိုးစီသရေသာကစားနိုင်ခဲ့တာကြောင့် ပြန်ကန်ပွဲကစားခဲ့ရသလို ပြန်ကန်ပွဲမှာတော့ ပဲလေ့စ်တို့ ၁-၀ နဲ့အရေးနိမ့်ကာ ဆုဖလားနဲ့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ပဲလေ့စ်အနေနဲ့လည်း အဆိုပါ ရှုံးကြွေးကို ပြန်ဆပ်နိုင်ဖို့အတွက်ပါ အားစိုက်ကစားလာမှာ သေချာနေပါတယ်။

ဒါ့အပြင် ပဲလေ့စ်ဟာ မန်ယူနဲ့ယှဉ်ရင် အစစအရာရာ အားနည်းတဲ့အသင်းဖြစ်နေတာကြောင့် မန်ယူကိုတိုက်စစ်ချင်းယှဉ်ကစားနိုင်ဖို့ထက် ခံစစ်ကိုအားပြုကာ တန်ပြန်တိုက်စစ်တွေနဲ့သာ တုံ့ပြန်ကစားသွားဖို့ ကြိုးစားလာဖို့လည်းရှိနေပါတယ်။ ပဲလေ့စ်အနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ခံစစ်ပိုင်းမာကြောတဲ့အသင်းအဖြစ် သတ်မှတ်ခြင်းခံထားရသလို ခံစစ်ပိုင်းကစားပုံကောင်းမွန်တဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပဲလေ့စ်မန်နေဂျာအလန်ပါဂျူးဟာလည်း ခံစစ်ဗျူဟာကို ပိုင်နိုင်တဲ့မန်နေဂျာတစ်ဦး ဖြစ်နေပြန်ပါတယ်။ ဒါကြောင့်လည်း မန်ယူတို့ဒီပွဲစဉ်မှာ ပဲလေ့ကိုလွယ်လွယ်နဲ့ အနိုင်ရယူနိုင်ပါ့မလားဆိုတာစဉ်းစားစရာပြန်ကောင်းလာပါတယ်။

အထူးသဖြင့် မန်ယူဟာ အသင်းလိုက်ကစားပုံနဲ့ ကွင်းလယ်ကစားပုံက ကောင်းမွန်မှုရှိတာမှန်ပေမယ့်လည်း ထိုးစစ်ပိုင်းကတော့ ဂိုးသွင်းခြေလုံးဝမတည်ငြိမ်ပါဘူး။ မန်ယူအနေနဲ့ မာတီရယ်၊ ရက်ရှ်ဖို့ဒ်တို့ရဲ့ ခြေစွမ်းအပေါ်မှာတည်မှီကာ ဂိုးသွင်းအားကလည်း တည်ငြိမ်မှုမရှိတာဖြစ်ပါတယ်။အထူးသဖြင့် မန်ယူဟာ ခံစစ်အားပြုကစားကာ မာမာထန်ထန် တုံ့ပြန်ကစားတတ်တဲ့အသင်းတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ပွဲတွေမှာ ဂိုးရရှိဖို့ရုန်းကန်ရလေ့ရှိတာကိုပါ သတိပြုရမှာဖြစ်ပါတယ်။

ဆိုရရင်တော့ မန်ယူအတွက်လည်း ဒီဆုဖလားက အရေးပါတဲ့ဆုဖလားဖြစ်နေတာတော့မှန်ပါတယ်။ မန်ယူဟာ ဒီအက်ဖ်အေဖလား ၂၀၀၄ ခုနှစ်နောက်ပိုင်းမှာ ထပ်မံရယူနိုင်ခြင်းမရှိခဲ့သလို ဖာဂူဆန်ခေတ်နောက်ပိုင်းမှာလည်း မန်ယူဟာ ဆုဖလားလက်မဲ့ဖြစ်ခဲ့တာ နှစ်ရာသီဆက်တိုက်ရှိခဲ့ပြီလည်းဖြစ်ပါတယ်။ ဒါကြောင့် မန်ယူဟာ ဖာဂူဆန်ခေတ်လွန် လက်ရှိအချိန်မှာ ဆုဖလားလက်မဲ့ ကာလတွေကိုအဆုံးသတ်နိုင်ရေးနဲ့ ရယူနိုင်ခြင်းမရှိခဲ့တာကြာပြီဖြစ်တဲ့ အက်ဖ်အေဖလားကိုပါ တစ်ကျော့ပြန်ရယူနိုင်ဖို့ ဒီပွဲစဉ်မှာအနိုင်ရရှိရေး အရေးပါနေတာ ထင်ရှားနေပါတယ်။ ဒါ့အပြင် မန်ယူဟာ ဒီပွဲမှာသာ အနိုင်ရ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် လက်ရှိအချိန်မှာ အက်ဖ်အေဖလားပြိုင်ပွဲသမိုင်းအတွင်း ချန်ပီယံဆု ၁၂ ကြိမ် ရယူနိုင်ကာ ဒုတိယဆု ၁၀ ကြိမ်ရခဲ့ပြီး အအောင်မြင်ဆုံးအသင်းဖြစ်နေတဲ့အာဆင်နယ်နဲ့ အောင်မြင်မှုစံချိန်ချင်း တူညီသွားနိုင်မှာလည်းဖြစ်ပါတယ်။

ဒါကြောင့်လည်း ဒီအက်ဖ်အေဖလားပြိုင်ပွဲမှာ အောင်ပွဲခံနိုင်ရေးဟာ မန်ယူအတွက် လက်ရှိအခြေအနေအရရော အခြားအကြောင်းခြင်းရာတွေအရပါ အရေးပါနေတာထင်ရှားနေသလို ဒီပွဲစဉ်မှာလည်း မန်ယူတို့နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာက သေချာနေပါတယ်။ ဒါပေမယ့်လည်း ဆိုခဲ့ပြီးတဲ့အတိုင်း ပဲလေ့စ်ရဲ့ဒီအက်ဖ်အေဖလားခြေစွမ်းက အားကောင်းမှုရှိနေသလို ပဲလေ့စ်သာ ခံစစ်ကိုအားပြုကစားလာမယ်ဆိုရင် ခံစစ်ပိုင်းအားကောင်းကာ မာကြောမှုနဲ့ တုံ့ပြန်တဲ့အသင်းတွေနဲ့တွေ့ရင် ဂိုးရဖို့ရုန်းကန်ရတတ်တဲ့ မန်ယူတို့အခက်တွေ့မှာ သေချာနေသလို ဒီပွဲစဉ်မှာတော့ မန်ယူနဲ့ ပဲလေ့စ်တို့ဟာ အဆင့်အတန်း၊ စုဖွဲ့မှု၊ အစဉ်အလာတွေမှာသိသိသာသာ ကွာဟနေပေမယ့် ပဲလေ့စ်ဟာမန်ယူအတွက် ပြိုင်ဘက်ကောင်းတစ်သင်းဖြစ်လာနိုင်မယ့် အခြေအနေတွေကို မြင်တွေ့နေရသလို မန်ယူတို့ မိနစ် ၉၀ အတွင်း ပဲလေ့စ်ကိုအနိုင်ရရှိခဲ့မယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ ခက်ခဲလွန်းနေတယ်လို့သာ သုံးသပ်တင်ပြလိုက်ရပါတယ်။ ။



## ဒီမီထရီပါယက်အား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်းပစ်မှတ်ထားနေ

ရီးယဲလ်မက်ဒရစ်အသင်းသည် ဝက်စ်ဟမ်းအသင်းနှင့် ပြင်သစ်ကွင်းလယ်ကစားသမား ဒီမီထရီပါယက်အားခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ပါယက်အနေဖြင့် လက်ရှိကာလတွင် အသင်းပြောင်းရွှေ့ကစားမည်မဟုတ်သောကြောင့် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးသည်အထိ စောင့်ဆိုင်းရမည်ဖြစ်ကြောင်းသိရသည်။

ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ပါယက်သည် ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်းနှင့်အတူ ပွဲပေါင်း ၃၈ ပွဲ ပါဝင်ကစားပေးခဲ့ပြီးနောက် သွင်းဂိုး ၁၂ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့သည့် ကွင်းလယ်ကစားသမားတစ်ဦးလည်း ဖြစ်သည်။

ထိုသို့စွမ်းဆောင်ရည်ကောင်းမွန်ခဲ့ခြင်းကြောင့် ပြင်သစ်မြေ၌ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ပြင်သစ်အသင်းနှင့်အတူ ပါဝင်လာရန် ပြင်သစ်အသင်း၏ ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ရွေးချယ်ထားသည့် ကစားသမားစာရင်းတွင်လည်း ပါဝင်လာခဲ့သည်။

ပါယက်သည် ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်းနှင့်အတူ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုထားခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ကစားရမည်ဖြစ်ခြင်းက ပါယက်အားဆွဲဆောင်မှုတစ်ခုဖြစ်နေခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမားပါယက်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း လူသိရှင်ကြား ပြောကြားခဲ့ခြင်းဖြစ်သည်။

## လူကာကူအား ပေါင် ၆၅ သန်းဖြင့် ရောင်းချရန် အဲဗာတန်ဆန္ဒရှိနေ



ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် တိုက်စစ်မှူး လူကာကူအား ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းဖြင့် ရောင်းချရန်ဆန္ဒရှိနေကြောင်း လူကာကူ၏ဖခင်ဖြစ်သူက အခိုင်အမာပြောကြားခဲ့ပြီး လူကာကူအားရောင်းချမည်ဆိုပါက ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲမတိုင်မီ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ဘယ်လ်ဂျီယံကြယ်ပွင့် လူကာကူသည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန်အသင်းနှင့်အတူ ပွဲပေါင်း ၄၆ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၅ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။ လက်ရှိတွင် တိုက်စစ်မှူး လူကာကူသည် အဲဗာတန်အသင်း၌ ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၊ ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူးလူကာကူသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည့်အသင်းတွင် ပါဝင်ကစားနိုင်ရန် ဆန္ဒရှိနေပြီး အဲဗာတန်အသင်းမှ ထွက်ခွာရန်လည်း နီးစပ်မှုရှိနေပြီဖြစ်ကြောင်း လူကာကူ၏ ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။

ထို့ကြောင့် လူကာကူအနေဖြင့် ပြောင်းရွှေ့မည်ဆိုပါက လူကာကူအားခေါ်ယူလိုသည့်အသင်းများကို ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းရရှိပါက ရောင်းချမည်ဟု အဲဗာတန်အသင်းက ဆိုသည်။ အဆိုပါရောင်းချမှုနှင့် ပတ်သက်၍လည်း ယူရိုပြိုင်ပွဲမတိုင်မီ လုပ်ဆောင်သွားမည်ဟုဆိုသည်။

လက်ရှိတွင်မူ တိုက်စစ်မှူးလူကာကူအနေဖြင့် မန်ယူအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းသို့သာ ပြောင်းရွှေ့ကစားရန်ဆန္ဒရှိနေသူဖြစ်ကြောင်း သိရသည်။

ငွေကြယ် ရေးသားသည်

## ရက် ၁၀၀ အတွင်း လုပ်ဆောင်နိုင်သည့်ကိစ္စရပ်များကို အမြန်ဆုံးပြီးအောင် ဆောင်ရွက်ရန်မှာကြား

**ပဲခူး မေ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ပဲခူးမြို့တော်ခန်းမ၌ မေ ၁၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတိုးဝင်းက ပဲခူးတိုင်းဒေသကြီး၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများအနေဖြင့် ရက် ၁၀၀ အတွင်း မိမိတို့ဌာနအလိုက် လုပ်ဆောင်နိုင်သည့် ကိစ္စရပ်များကို အမြန်ဆုံးပြီးအောင် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ကြရန်၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန်၊ အဂတိတရားကင်းရှင်းစွာဖြင့် ပြည်သူအပေါ် စေတနာထား ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဦးစီးဌာနအလိုက် ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသောဌာန အသီးသီးမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း** (IPRD)

# လူကုန်ကူးမှုမဖြစ်ပွားစေရန်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ကလေး မေ ၁၈**

ကလေးမြို့တွင် သိသာထင်ရှားစွာ ဆောင်ရွက်နိုင်မည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်အား ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အတိုင်း ကလေးမြို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က သတ်မှတ်ရက်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စိတ်(ကလေး)က ကလေးမြို့ တာဟန်းဈေးအတွင်း၌ ရဲအုပ်ကျော်မိုးနိုင်ဦးစီးသည့်အဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ ဈေးဆိုင်ခန်းပိုင်ရှင်များ၊ ဈေးသူဈေးသားများအား လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါဖြန့်ဝေသည့်လက်ကမ်းစာစောင်တွင် "လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့"၊ "လူကုန်ကူးမှုမှန်သမျှ ပူးပေါင်းဝိုင်းဝန်းဆန့်ကျင်ကြ"၊ "လူကုန်ကူးမှုပပျောက်ရေး ဒို့တွေပါဝင်ကူညီပေး" ဟူသည့် ဆောင်ပုဒ်များပါရှိသည်။ လူကုန်ကူးမှုဆိုသည်မှာ၊ လူကုန်ကူးမှုကျူးလွန်ပါက ပြစ်ဒဏ်များ၊ လူကုန်ကူးမှုအမျိုးအစား၊ လူစုဆောင်းသည့်နည်းလမ်းများနှင့် သတိပြုရမည့်သူများခေါင်းစဉ်ပါ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြကြောင်း သိရသည်။ **ဂျိုးနက်**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ရက် ၁၀၀ စီမံချက် လုပ်ငန်းများ ချပြရှင်းလင်းဆွေးနွေး

**မုံရွာ မေ ၁၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ဆောင်ရွက်မည့် ရက် ၁၀၀ စီမံချက်လုပ်ငန်းများ ချပြရှင်းလင်း ဆွေးနွေးပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၁၆ ရက် နံနက် ၈ နာရီက ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစိုးပိုင်မြင့်က ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်မည့် လုပ်ငန်းသုံးမျိုးအနက် အခြေခံပညာကျောင်းများတွင် အသက် ၁၀ နှစ်ပြည့် ကျောင်းသားများအား ကွင်းဆင်းဆောင်ရွက်ပေးသည့် လုပ်ငန်းနှင့် ၁၉၈၂ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ သက်ဆိုင်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးသည့် လုပ်ငန်းတို့မှာ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်ကြောင်း၊ နေရာအတည်တကျမရှိဘဲ ပြောင်းရွှေ့နေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးသည့် လုပ်ငန်းမှာ မိမိဝန်ကြီးဌာနအနေဖြင့် တစ်ကြိမ်တစ်ခါမျှ မလုပ်ဖူးသေးသော စီမံချက် လုပ်ငန်းဖြစ်၍ နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ရှေ့နေချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်ကျေးရွာအုပ်စု လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊မြို့မိမြို့ဖများ၊ ဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

**(ခရိုင်ပြန်/ဆက်)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်ဖြင့် လူကုန်ကူးမှု အသိပညာပေး

**တာချီလိတ် မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်(၁)တာချီလိတ်၏ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ လူကုန်ကူးခြင်းနှင့် လူမှောင်ခိုဆိုင်ရာ သိကောင်းစရာများ ဟောပြောခြင်းကို မေ ၁၅ ရက် နံနက် ၇ နာရီက ဝမ်ကောင်းရပ်ကွက်ရှိ ဘုရင့်နောင်ဈေး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား စီမံချက်အကောင်အထည်ဖော်မှုအသွင်ဖြင့် အသိပညာပေး ကွင်းဆင်းဆောင်ရွက်ရာတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့စိတ်(၁)တာချီလိတ်မှ ယာယီရဲမှူးရင်ရင်အေး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ထွေးနှင့်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး(ဒုတိယတန်း) ဦးဘမိုးမြင့်နှင့် အဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ရဲအုပ်လှဘုန်းက လူကုန်ကူးခြင်းနှင့် လူမှောင်ခို ဆိုင်ရာများအား ပြဘုတ်ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် နံနက် ၉ နာရီခွဲတွင် အယ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့် ဆေခမ်းရပ်ကွက်ရှိ နေအိမ်များအား သောက်သုံးရေလီတာ ၅၀၀၀ ကိုသွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## ပခုက္ကူမြို့၌ ပြည်သူ့အတွက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်နိုင်ရေး နေ့စဉ်ဆောင်ရွက်

**ပခုက္ကူ မေ ၁၈**

ပခုက္ကူမြို့၌ ပြည်သူ့အတွက် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်တွင် ပခုက္ကူမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဇော်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပခုက္ကူမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်စိုးဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေးပညာပေးဟောပြောမှုများ ပြုလုပ်ပြီး ပခုက္ကူမြို့ပေါ်ရပ်ကွက် သုံးခုတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးစီဖြင့် ပြည်သူများအတွက် လျင်မြန်သောဝန်ဆောင်မှုပေးနိုင်ရန် လုံခြုံရေးချထား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့နောက် ပခုက္ကူမြို့ ဆုကြီးပန်လမ်းနှင့် မြို့မလမ်းဆုံတွင် ရဲအုပ်သိန်းဌေး၊ ပခုက္ကူယာဉ်ထိန်းမှ ရဲအုပ်အောင်နိုင်နှင့်အဖွဲ့သည် အမှတ်(၁၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်အောင်ကြည်အဖွဲ့တို့နှင့် ပူးပေါင်း၍ မေ ၁၆ ရက် ည ၈ နာရီခွဲမှစတင်ကာ ဆိုင်ကယ်နှင့် လူ့ခန္ဓာကိုယ်တွင် လူကိုအန္တရာယ်ဖြစ်စေသော တုတ်၊ ဓားများယူဆောင်လာခြင်းရှိ မရှိ စစ်ဆေးပြီး လှည့်ကင်းဖြင့်လည်း အုပ်စုဖွဲ့ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်များရပ်တန့်စေကာ ရှောင်တခင် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းပါဝင်သတင်းပေးကြရန်နှင့် ပြည်သူများ၏ နိုင်ငံကြီးသားပီသမှုဖြင့် ဝိုင်းဝန်းပေါင်းစပ်ပေးကြရန် လိုအပ်ကြောင်း သိရသည်။ **ဆလိုင်းကိုကီး**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးသင်တန်းနှင့် ဟောပြောပွဲကျင်းပ

**မင်းဘူး မေ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရက် ၁၀၀ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသင်တန်းနှင့်ဟောပြောပွဲကိုမေ ၁၆ ရက်က မင်းဘူး မန်းရေနံမြေ လုပ်သားအပန်းဖြေရိပ်သာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ပညာပေးသင်တန်းနှင့် ဟောပြောပွဲ၌ မင်းဘူးခရိုင်ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့် ဦးမျိုးမင်းထွန်း (စစ်ဆေးရေးမှူး-၂)တို့က မော်တော်ယာဉ်ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ၊ မော်တော်ယာဉ်သွားလာမှု စည်းကမ်းများ၊ အမြန်လမ်းမကြီးတွင် လိုက်နာရမည့် စည်းကမ်းများ၊ ဆိုင်ကယ်စီးသူ စည်းကမ်းများကို Projector ဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာကြသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မန်းရေနံမြေမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု စုစုပေါင်း ၃၀၁ ဦးအား မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ထုတ်ပေးနိုင်ရေးအတွက် ဟောပြောဆွေးနွေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မင်းဘူးခရိုင်ရုံးမှ မေ ၁၆ ရက်ထိ Chip ပါသော Smart Card ယာဉ်မောင်းလိုင်စင် ၁၃၀ စောင်အားထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဖိုးပြည့်(မင်းဘူး)**

ကြေးမုံ
မေ ၁၉၊ ၂၀၁၆ (ကြာသပတေးနေ့)





ဓာတ်သတ္တုရှာဖွေတူးဖော်မှုများကြောင့် ဥရုချောင်းမပျက်စီးစေရန် စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု ရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီ ဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူ ထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။



ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ရတနာမြေတွင် မြေစာပုံပြိုကျမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ မြေစာပုံလျှောမကျစေရန် လှေကားထစ်အဆင့်ဆင့်ပုံဖော်ပြီး ဆောင်ရွက်နေပြီဖြစ်သည်။

# ရေရှည်အကျိုးဖြစ်စေသော ဓာတ်သတ္တုနှင့် သစ်တောထုတ်လုပ်မှုဖြစ်ပေါ်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းရေးတို့လုပ်မည့် ရက် ၁၀၀ စီမံကိန်း

သတင်းဆောင်းပါး - ဟန်နီဝင်း

**အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းအောက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဓာတ်သတ္တုသတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် ဓာတ်သတ္တုဖြစ်ထွန်းမှုစနစ်တည်ဆောက်ခြင်း၊ ချင်းပြည်နယ်တွင် ခရိုမိုက်သတ္တုဖြစ်ထွန်းမှုများအပေါ် သုတေသနပြုလုပ်ခြင်း၊ မကြာခဏဖြစ်ပေါ်နေသည့် ဖားကန့်မြေစာပုံပြိုကျမှုအပေါ် အရေးယူဆောင်ရွက်မှုများ၊ ပမာဏလျော့ကျလာနေသော သစ်တောကဏ္ဍမှ ထုတ်ယူသုံးစွဲမှုလျှော့ချခြင်းနှင့် သစ်အချောထည်လုပ်ငန်းများတိုးမြှင့်ခြင်း၊ သစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များခိုးထုတ်မှုများ လျော့နည်းရေးနှင့် အများပြည်သူနှင့် သက်ဆိုင်ရာနေရာများတွင် Green Environment Campaign အစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုးမှုများနှင့် လောင်စာလိုအပ်ချက်အတွက် လုပ်ဆောင်မည်ဟုဆိုသည်။**



သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကုစားရန်နှင့် ဒေသစိမ်းလန်းစိုပြည်စေရန် ဤကဲ့သို့သော သစ်ပင်စိုက်ပျိုးမှုများကို စီမံချက်ချစိုက်ပျိုးသွားရန်လိုအပ်သည်။

ပုပြင်းခြောက်သွေ့သော မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီး စိမ်းလန်းစိုပြည်ရေးအစီအစဉ်များ၊ ရေရှားပါးသည့်ဒေသများတွင် ရေရရှိရေးစီမံချက်များလည်း ရှိသေးသည်။

**ရက် ၁၀၀ စီမံကိန်းအောက်မှ သတ္တုကဏ္ဍ**

"ဝန်ကြီးဌာနရဲ့ တချို့လုပ်ငန်းတွေဟာ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုအဖြစ် ရက် ၁၀၀ အတွင်းအောင်မြင်အောင် ဆောင်ရွက်သွားနိုင်မှာဖြစ်ပေမယ့် တချို့လုပ်ငန်းတွေကျတော့ ရက် ၁၀၀ ကနေ ဆက်ပြီးလုပ်ကိုင်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

မြန်မာ့သတ္တုတွင်းဥပဒေအား ပြင်ဆင်မှုကို ပြည်ထောင်စုလွှတ်တော်တွင် ယမန်နှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့က ဆောင်ရွက်ခဲ့သည်။ ထိုဥပဒေကို အများပြည်သူသို့ ထုတ်ပြန်ရမှာဖြစ်သည်။

သတ္တုတွင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က "Mining Cadastre ထူထောင်ပြီး Mining Data တွေကို Website မှာ ဖော်ပြနိုင်ဖို့ EITI ကရတဲ့ ဒေါ်လာတစ်သန်းနဲ့ စတင်လုပ်ဆောင်သွားမယ်။ Mining ပါမစ်တွေရထားတဲ့ကုမ္ပဏီတွေကို www.mining.gov.mm မှာ ဖော်ပြနိုင်ရေးဆောင်ရွက်သွားမယ်။

"သတ္တုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖင်လန်နိုင်ငံနဲ့ ပူးပေါင်းပြီး ဓာတ်သတ္တုဖြစ်ထွန်းမှုစနစ်တည်ဆောက်တာ၊ ကိုရီးယားနိုင်ငံနဲ့ပူးပေါင်းပြီး ချင်းပြည်နယ်မှာ ခရိုမိုက်သတ္တုဖြစ်ထွန်းမှုတွေ လေ့လာသုတေသနလုပ်ငန်းလုပ်ဆောင်တာတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံတွေက ဘူမိသိပ္ပံဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ(CCOP)နဲ့ JICA တို့နဲ့ပူးပေါင်းပြီး ဓာတ်သတ္တု သတင်းအချက်အလက်မှတ်တမ်းပြုစုနိုင်ဖို့ လေ့လာရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးတော့ တရားမဝင် သတ္တုတူးဖော်တာ၊ သယ်ဆောင်ရောင်းဝယ်တာတွေကိုလည်း စစ်ဆေးကြပ်မတ်သွားပါ့မယ်"ဟု ပြောသည်။

ကျောက်စိမ်းထွက်ရှိရာ ကချင်ပြည်နယ် ဖားကန့်မြေတွင် မြေစာပုံပြိုကျမှုများ မကြာခဏ ဖြစ်ပေါ်နေခြင်းကလည်း အစိုးရအတွက် အရေးတကြီး လုပ်ဆောင်စရာ ဖြစ်လာနေသည်။ ယမန်နှစ် နိုဝင်ဘာလမှသည် ယခုနှစ် မေလ ၅ ရက်အထိ မြေစာပြိုကျမှု ၁၃ ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဒေသတွင်း ရေမဆေးကျောက်ရှာဖွေသူ လူဦးရေနှစ်သောင်းမှ သုံးသိန်းနီးပါးအထိ တိုးပွားလာခဲ့သည်။

"ဥရုချောင်း ရေစီးရေလာကောင်းမွန်အောင်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေကို အမြန်ဖြစ်အပင်တွေ စိုက်ပျိုးပြီး တောဖုံးလွှမ်းတဲ့အထိ အဆင့်ဆင့်ဆောင်ရွက်နိုင်အောင် ညွှန်ကြားထားပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က ပြောသည်။

"လက်ရှိအနေနဲ့ကတော့ လုပ်ကွက်အသစ်တွေချထားမှုကို ပိတ်ပင်ထားပါတယ်။ တူးဖော်ဆဲလုပ်ကွက်တွေကို ပိုပြီးစနစ်ကျတဲ့ တူးဖော်မှုစနစ်တွေ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမယ်။ EIA, SIA တွေ ရေးဆွဲတာမျိုး မရှိခဲ့တဲ့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို မော်အလိုက်ရေးဆွဲနိုင်ဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု သူက ထပ်ပြောသည်။

ထို့အပြင် ပြည်နယ်အစိုးရက ဖွဲ့စည်းပေးထားသော မြို့နယ်မြေစာစွန့်ပစ်မှု ကြီးကြပ်စစ်ဆေးရေးအဖွဲ့နှင့် ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့က လုံးခင်း၊ ဖားကန့် ရတနာနယ်မြေ ကျောက်စိမ်းတူးဖော်တဲ့လုပ်ငန်းများက ထွက်ရှိသော မြေစာများကို သတ်မှတ်ထားသောနေရာတွင်သာ စွန့်ပစ်ရန်ကြီးကြပ်လျက်ရှိသည်ဟု ဆိုသည်။

**သစ်တောကဏ္ဍ**

ခရိုင် ၆၈ ခုတွင် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ၁၀ နှစ်စီမံကိန်းများကို ရေးဆွဲခဲ့ပြီး မေလဆန်းမှစတင်ကာ ခရိုင်တစ်ခုချင်းစီတွင် အကောင်အထည်ဖော်နေသည်ဟု ဆိုသည်။

မြန်မာ့သစ်တောအုပ်ချုပ်လုပ်ကိုင်မှုသည် လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ခန့်က အစပြုခဲ့ပြီး သစ်တောစီမံအုပ်ချုပ်ဆောင်ရွက်ရာတွင် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၀ နှစ် တစ်ကြိမ် ရေးဆွဲပြီး စီမံကိန်းကာလအတွင်း သစ်တောလုပ်ငန်း ၁၆ မျိုးကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

မြန်မာ့သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းသည် ၁၉၉၀ ခုနှစ်တွင် ၅၇ ဒသမ ၉၇ ရာခိုင်နှုန်း၊ ၂၀၀၀ပြည့်နှစ်တွင် ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၄၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း အသီးသီးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသို့ တဖြည်းဖြည်း လျော့ကျလျက်ရှိသည်။

အစိုးရက သစ်အလုံးလိုက်ထုတ်လုပ်မှုကို ရပ်ဆိုင်းကာ သစ်ထုတ်လုပ်မှုကို လျှော့ချလိုက်သည်။ နိုင်ငံလူဦးရေ ၅၁ သန်းကျော်အတွက် မီးသွေး၊ လောင်စာတောင့် ၁၁ ဒသမ ၈ ရာခိုင်နှုန်း၊ ထင်းလောင်စာ ၆၉ ဒသမ ၂ ရာခိုင်နှုန်း သစ်တောကဏ္ဍမှ စွမ်းအင်သုံးစွဲမှု ရှိနေသည်။

လောင်စာလိုအပ်ချက်အတွက် ထိုသို့ သဘာဝတောများအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်ရန် ကျေးလက်နေပြည်သူများထင်း၊ တိုင်နှင့် မျောများထောက်ပံ့ရန် တည်ထောင်ခဲ့သည့် ကျေးရွာသုံးစိုက်ခင်းများကို ကျေးရွာပြည်သူများထံ လွှဲပြောင်းပေးအပ်ခြင်းနှင့်အတူ စွမ်းအားမြင့်မီးဖိုသုံးစွဲရေး၊ လောင်စာတောင့်သုံးစွဲရေးနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း သုံးစွဲရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟုဆိုသည်။

နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းအရ ကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တောကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း ဖွဲ့စည်းမည်ဖြစ်ရာ ယခုအချိန်အထိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၃၉၈၄၁၇၆၃ ဧက(ရာခိုင်နှုန်းအားဖြင့် ၂၃ ဒသမ ၈၃ ရာခိုင်နှုန်း)၊ သဘာဝနယ်မြေ ၉၆၀၇၄၉၀ ဧက (ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၇၅ ရာခိုင်နှုန်း) ဖွဲ့စည်းထားသည်။

**ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ကျစေရေး**

ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေးနှင့် လျော့နည်းရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို အချိန်ကာလနှင့် နေရာဒေသအလိုက် ဖြည့်စွက်ပြင်ဆင်သတ်မှတ်သွားရန် လိုနေသေးသည်။

ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များကိုရရှိရန်၊ ညစ်ညမ်းမှုအခြေအနေကို လေ့လာသုံးသပ်နိုင်စေရန် ကနဦးစီမံချက်အဖြစ် နေပြည်တော်အနီးတစ်ဝိုက်ရှိ လူထူထပ်သည့်နေရာ၊ ယာဉ်အသွားအလာများပြားသည့်နေရာ၊ ပြည်သူအများအသုံးပြုလျက်ရှိသည့် ရေအရင်းအမြစ်၊ စွန့်ပစ်ရေထွက်ရှိသည့် နေရာများတွင် လေနှင့် ရေ အရည်အသွေးတိုင်းတာသည့် စက်ကိရိယာများဖြင့် တိုင်းတာခြင်းကို မေလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်မည်ဟုသိရသည်။

"ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ အမျိုးသားအဆင့် ပတ်ဝန်းကျင်အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်က ထုတ်ပြန်ခဲ့ပြီးတော့ ဒီလုပ်ထုံးလုပ်နည်းအရ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း(Initial Environmental Examination-IEE)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)တွေကိုရေးဆွဲဖို့ သတ်မှတ်ထားပြီးဖြစ်ပါတယ်။

"IEE, EIA, EMP ရေးသားပြုစုမယ့် တတိယအဖွဲ့အစည်းတွေ (Third Parties) အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှာ မှတ်ပုံတင်နိုင်ရေးအတွက် အကြံပေးလုပ်ကိုင်သူတွေကို လုပ်ငန်းလိုင်စင်ထုတ်ပေးဖို့ စည်းမျဉ်းစည်းကမ်းတွေကို JICA အကူအညီနဲ့ရေးဆွဲနေပြီး လုပ်ငန်းလိုင်စင်တွေကို မကြာခင်ထုတ်ပေးမှာဖြစ်ပါတယ်"ဟု ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ပြောကြားသည်။

■



သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းဒေသရှိ PUMA စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးစခန်းတွင် စက်သုံးဆီသိုလှောင်ရုံများကို ဤသို့ စနစ်တကျထားရှိသည်။

## ရက် ၁၀၀ စီမံချက်လုပ်ငန်းစဉ်အဖြစ် မူကြိုဆရာမသင်တန်းဖွင့်

**နေပြည်တော် မေ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန က ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်လူမှုဝန်ထမ်းရုံးတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ (မူကြိုဆရာမ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက်နံနက် ၉ နာရီက ကျင်းပရာ နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းတွင်ကလေးများ၏ အခြေခံလိုအပ်ချက်များ၊ကလေးဖွံ့ဖြိုးမှု၊ဘာသာစကား ဖွံ့ဖြိုးမှု၊ ကလေးစိတ်ပညာ၊ ကလေးများ၏ လက်ချောင်းကြွက်သားများ သန်မာစေရေးအတွက် လက်မှုပညာအဖြစ်စက္ကူခေါက်ခြင်း၊ အခြေခံပန်းချီရေးခြင်း၊ကျန်းမာရေးနှင့် အာဟာရစသည့် စိတ်ဝင်စားဖွယ် ဘာသာရပ်များကိုသင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်ခြင်း အားဖြင့် မူကြိုအရွယ်ကလေးသူငယ်များအား နည်းစနစ်မှန်ကန်စွာဖြင့်ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် ပြုစုစောင့်ရှောက်ပေးနိုင်မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၇ ဦး တက်ရောက်ကြပြီး သင်တန်းကို မေ ၁၆ ရက်မှ ဇွန် ၇ ရက်ထိ ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းထွန်း(ပြန်/ဆက်)**



## ၂၀၁၆ မိုးစပါးချေးငွေ မွန်ပြည်နယ်တွင် ဆောလျင်စွာ ထုတ်ချေးပေး

**မော်လမြိုင် မေ ၁၈**

မွန်ပြည်နယ်အတွင်းရှိ စပါးစိုက်တောင်သူများ အနေဖြင့် မိုးစပါးများအချိန်မီ စိုက်ပျိုးနိုင်ရန် အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး မုဒုံနှင့် ကျိုက်မရော မြို့နယ်ဘဏ်ခွဲများက ယခင်နှစ် ကထက် ဆောလျင်စွာ မိုးစပါးချေးငွေကို မေ ၁၆ ရက်မှစတင်ကာ ထုတ်ချေးပေးနေပြီ ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မုဒုံမြို့နယ်နှင့် ကျိုက်မရော မြို့နယ်ဘဏ်ခွဲများမှ တောင်သူလယ်သမား ဦးရေ ၃၃ ဦး၊ ကျေးရွာအုပ်စု လေးအုပ်စု၊ အစု အဖွဲ့ ၁၂ ဖွဲ့အား မိုးစပါးဧက ၁၉၅ ဧက အတွက် ချေးငွေကျပ်၂၉၂ ဒသမ ၅၀ သိန်းကို ထုတ်ချေးခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီး မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ တောင်သူလယ်သမားများအား သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲအသီးသီးမှ ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် ပြည်နယ်မန်နေဂျာ ဦးခင်မောင်စိုးက ပြောသည်။

“မိုးစပါးချေးငွေ ထုတ်ချေးမှုသတ်မှတ် ကာလကတော့ မေလကနေ စက်တင်ဘာလ အထိသတ်မှတ်ထားပါတယ်။ ကျွန်တော်တို့ အနေနဲ့ တောင်သူလယ်သမားများ အချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ဇူလိုင်လမှာ အပြီးထုတ်ချေးသွားဖို့ စီမံ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်က မိုးစပါးချေးငွေတွေ အားလုံးကလည်း လွန်ခဲ့ တဲ့ မတ် ၁၁ ရက်က ကြွေးကျန်မရှိပြေကြေ ခဲ့ပြီးဖြစ်တာကြောင့် မွန်ပြည်နယ်ဟာ ဆိုရင် နှစ်စဉ် ကြွေးကျန်မရှိဘဲ အစဉ်အလာကောင်း တဲ့ ပြည်နယ်တစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ပြည်နယ်တစ်ခုလုံး အတိုင်းအတာနဲ့ ဧကပေါင်း ၃၁၂၃၉၅ အတွက်ချေး ငွေ ကျပ်သန်း ၄၆၈၅၉ သဒမ ၂၅ ထုတ်ချေးဖို့ လျာထားပါတယ်”ဟု ၎င်းက ထပ်လောင်း ပြောသည်။

မွန်ပြည်နယ်အတွင်းရှိ တောင်သူများ အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဆောင်းသီးနှံ ဘဏ်ချေးငွေ ကျပ်သန်း ၂၂၉၅ ဒသမ ၃၄ကို ပြန်လည်ပေးဆပ်ရာတွင် မေ ၁၆ ရက်အထိ ကျပ်သန်း ၁၃၁၆ ဒသမ ၆၇ ရာခိုင်နှုန်းအားဖြင့် ၅၇ ဒသမ ၃၆ ရာခိုင်နှုန်း ကို ပေးဆပ်ထားပြီး ဖြစ်ကြောင်း၊ မေလကုန် ဇွန်လဆန်းတွင် ချေးငွေများ ပြေကြေသွားမည် ဖြစ်ကြောင်းနှင့် မွန်ပြည်နယ်၏ ရက် ၁၀၀ စီမံကိန်းအရ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လုပ်ငန်း များကိုအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း ပြည်နယ်မန်နေဂျာ ဦးခင်မောင်စိုး၏ ပြောကြားချက်အရ သိရသည်။

**အုတ်လှုငယ်**



## ကျေးရွာပေါင်း ၈၆၅ ရွာသို့ ရေဂါလန်သန်းပေါင်း ၆ ဒသမ ၅၃ ဂါလန် လှူဒါန်းခဲ့ပြီး ရေပေးဝေရေးလုပ်ငန်း ၆၀၂ ခု ရက် ၁၀၀ အတွင်းဆောင်ရွက်

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်အား ဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်တွေ့ကျသည့်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ရက်၁၀၀ စီမံကိန်းလည်းပါဝင်သည်။ မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝအား အချိန်တိုအတွင်း ထိထိမိမိဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံကိန်းတွင် အယ်နီညိုရာသီဥတုကြောင့် ရေတွင်းရေကန်များ ခန်းခြောက်ခြင်း၊သဘာဝ ရေအရင်းအမြစ်များ ဆုတ်ယုတ်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများအတွက် ရွှေကိုမလို ရေကိုသာလိုသည် ဆိုရိုးစကားနှင့်အညီ သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများကို ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များ၊ ပရဟိတလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ မြို့နယ် ၁၃၅မြို့နယ်မှ သောက်သုံးရေ လိုအပ်သည့် ကျေးရွာ ၈၆၅ ရွာသို့ ရေဂါလန်သန်းပေါင်း ၆ ဒသမ ၅၃ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့ပြီး မြို့နယ် ၁၅၄ မြို့နယ်မှ ကျေးရွာ ၅၄၁ ရွာတွင် ကျေးလက်ရေပေးရေးဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း ၆၄၉ ခုအား ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိသည့်အပြင် ကျေးရွာ ၅၈၄ ရွာတွင် တွင်းတိမ် ၂၁၆ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း စုစုပေါင်း ရေပေးရေးလုပ်ငန်း ၆၀၂ ခုကို ရက် ၁၀၀ စီမံချက် ကာလအတွင်း ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးသင်တန်းများကို ရက်၁၀၀ စီမံကိန်းတွင် ရေးဆွဲဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ရာ သင်တန်းများမှာ အရာထမ်းများ လုပ်ငန်းခွင် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(နေပြည်တော်)၊ အရာထမ်းအခြေခံသင်တန်း၊ အရာ ထမ်းငယ်အခြေခံသင်တန်းနှင့်စာရေးဝန်ထမ်းအခြေခံသင်တန်း(ဗဟိုဝန်ထမ်းတက္ကသိုလ်)၊စီ မံခန့်ခွဲရေးသင်တန်းနှင့်စာရေးသင်တန်း (ဗဟိုလေ့ကျင့်ရေးကျောင်း)၊ စီမံခန့်ခွဲရေးသင်တန်း၊ ရုံးလုပ်ထုံးလုပ်နည်း အခြေခံသင်တန်းနှင့် အခြေခံအင်ဂျင်နီယာသင်တန်းများ(သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ) ကို (၅၂) ကြိမ် စီစဉ်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပေသည်။

ထို့အပြင် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများတွင် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒေသနှင့်လျော်ညီသည့် အသက်မွေးဝမ်း ကျောင်းသင်တန်းအမျိုးအစား ၃၀ မျိုးဖြစ်သည့် Mobile School computer သင်တန်း၊ စက်ချုပ်သင်တန်း၊ ကျောက်သွေးသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ပန်းရန်၊ လက်သမား သင်တန်း၊ သံချည်သံကွေးသင်တန်းစသည်များကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ ကျေးလက်နေပြည်သူများအနေဖြင့် သင်တန်းမှ သင်ကြားတတ်မြောက်သည့် အတတ်ပညာ ဖြင့် မိမိတို့မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက်၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိပြီး **“ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ရက် ၁၀၀ စီမံကိန်း အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန်”** တိုက်တွန်းလိုက်သည်။

**(သတင်းစဉ်)**

## ရက် ၁၀၀ စီမံချက်ဖြင့် သက်မွေး လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**မြစ်ကြီးနား မေ ၁၈**

ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးရေးဦးစီးဌာန၏ကြီးကြပ်မှု ရက် ၁၀၀ စီမံချက်ဖြင့် သက်မွေး လက်သမား၊ ပန်းရန်အခြေခံသင်တန်းဖွင့်ပွဲကို မေ ၁၆ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ပလန ကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာ၌ကျင်းပရာ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်နုက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ အခမ်းအနားအပြီးတွင် ပြည်နယ်ဦးစီးမှူးနှင့်တက်ရောက်လာ သူများက သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါသင်တန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ငွေကျပ် သိန်း ၅၀ အကုန်အကျခံကာ ပြင်ပ လက်သမားနှင့်ပန်းရန်ပညာရှင်နှစ်ဦးက သင်တန်းသား ၃၀ ကို လက်သမားနှင့်ပန်းရန်အခြေခံပညာဘာသာရပ်များကို ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရာဇာဖွား (မြစ်ကြီးနား)**

## မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ရက် ၁၀၀ အတွင်း ရေတွင်းရေကန်များတူးဖော်

**မိတ္ထီလာ မေ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိတ္ထီလာမြို့ နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ် ရက်၁၀၀ အတွင်း အကောင်အထည် ဖော် ဆောင်ရွက်ရမည့် ကျေးရွာများ တွင် ရေတွင်းရေကန် တူးဖော်ရေး လုပ်ငန်းများကို ကျေးရွာအရောက် ကွင်းဆင်း ဆောင်ရွက်လျက်ရှိ သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် အုတ်နဲ့ဘုတ် ကျေးရွာ မြေသားကန်တူးဖော်ခြင်း၊ အရာတော်ကျေးရွာတွင် မြေသား ကန်တူးဖော်ခြင်း၊ အိုမတွေ့ကျေးရွာ တွင် အုတ်ရေကန်တည်ဆောက်ခြင်း၊ ရွှေစစ်သည်၊ ရွာတန်းရှည်၊ အုံတုံ (ကျောက်ဖူးထိပ်)တွင် တံတားတည် ဆောက်ခြင်း၊ ဥသျှစ်ကုန်းကျေးရွာတွင် စက်ရေတွင်း လုပ်ငန်းများကို မိုးမကျမီ အချိန်မီပြီးစီးရန် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ် ကွင်းဆင်းစစ်ဆေး ကြည့်ရှုရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးဇော်မြင့်က လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြ သည်။

**တင်လှိုင် (မိတ္ထီလာ)**

# လေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်

**မင်းဘူး မေ ၁၈**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် ကျောက်ဆစ်ပုံကျေးရွာသို့ရောက်ရှိပြီး မေ ၁၅ ရက်တွင်ဖြစ်ပွားခဲ့သောလေဘေးကြောင့် ဘေးဒုက္ခကြုံတွေ့ရသည့် ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အတွင်းရှိ ပြိုကျနေအိမ် ၇၄ လုံးနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၆၀၀ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၅၇ သိန်း၊ ကယ်ဆယ်ရေးပစ္စည်းများ၊ အသင့်စားခေါက်ဆွဲခြောက်များနှင့် ကလေးများအတွက် ကစားစရာအရုပ်များအားလည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိသူနှစ်ဦးအတွက် ထောက်ပံ့ငွေအားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး စာရင်းကျန်ရှိသည့် ပြိုကျပျက်စီးနေအိမ်များအား ဆက်လက်ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကံသစ်ကျေးရွာသို့ရောက်ရှိပြီး လေဘေးကြောင့် ထိခိုက်ပျက်စီးမှုများအားကြည့်ရှုကာ ပြိုကျနေအိမ်တစ်လုံးအတွက် ထောက်ပံ့ငွေကျပ်ငါးသောင်းအား ပေးအပ်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန်းကောက်ကျေးရွာသို့ရောက်ရှိပြီး မိုးကြိုးထိမှန်သေဆုံးခဲ့သူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းအား သေဆုံးသူ၏ မိဘနှစ်ပါးသို့ ထောက်ပံ့ပေးအပ်၍ မိသားစုဝင်များအားနှစ်သိမ့်အားပေးစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် သိုလှောင်ရုံသို့ရောက်ရှိပြီး ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ထားရှိမှုအားကြည့်ရှု၍ ပစ္စည်းများဖြည့်တင်းထားရှိရေး စီစဉ်ဆောင်ရွက်ခဲ့သည်။ **ကြေးမုံ**



## လယ်ဝေးမြို့တွင် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကျင်းပ

**လယ်ဝေး မေ ၁၈**
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အသိပညာဖွံ့ဖြိုးမှု မြင့်မားစေရေး ဗဟုသုတ ပိုမိုတိုးပွားရေး၊ အတွေးအခေါ် အယူအဆမှန်ကန်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူသားစွမ်းရည်မြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်က စာတတ်မြောက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်နံနက် ၈ နာရီက အ. ထ. က(၁) လယ်ဝေးရွှေရတုခန်းမ၌ အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုလုပ်ငန်းများ အောင်မြင်စွာပြီးမြောက်ခဲ့သည့် အထိမ်းအမှတ်ဂုဏ်ပြုပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ကြီးကြပ်သူများကိုယ်စား ဆရာမတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက လုပ်အားပေးများကိုယ်စား ဆရာမတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

လယ်ဝေးမြို့နယ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားခဲ့ကာ ကျေးရွာပေါင်း ၅၁ ရွာတွင် စာသင်သား ၈၆၆ ဦးအား ဒေသခံဆရာ၊ ဆရာမ ၉၉ ဦး၊ ကျောက်ဆည်တက္ကသိုလ်မှ လုပ်အားပေး ၁၁၃ ဦး၊ ကြီးကြပ်ဆရာမ ၁၂ ဦးတို့က စာတတ်မြောက်ရေးအတွက် သင်ကြားပေးခဲ့ပြီး ၇၀ ရာခိုင်နှုန်းမှာ စာတတ်မြောက်မှု ကျွမ်းကျင်အဆင့်ရှိကြောင်းသိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မအူပင်မြို့တွင် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**မအူပင် မေ ၁၈**
မအူပင်မြို့ မဟာဗောဓိကျောင်းတိုက်ဆရာတော်ထံမှ ဩဝါဒခံယူပြီး မဟာဗောဓိ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့မှဦးစီး၍ တတိယအကြိမ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းအား မေ ၉ ရက်မှ ၁၅ ရက်ထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၉၅ ဦးတက်ရောက်ခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ဗုဒ္ဓဝေယျာဝစ္စအဖွဲ့နာယက ဦးညွှန့်မော်နှင့် ဥက္ကဋ္ဌဦးသန်းထွန်းတို့က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြောင်း သိရသည်။ **ရဲမျိုးတင်လှ**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆည်၊ ကန်၊ ရေလှောင်တမံများ ပြုပြင်ဆောင်ရွက်ထားရှိမှုအား ပြည်ထောင်စုဝန်ကြီး စစ်ဆေး

**မကွေး မေ ၁၈**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံ၊ ပွင့်ဖြူမြို့နယ်မှ ကြီးအုံကြီးဝရေလှောင်တမံနှင့် ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံတို့ ၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင်ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုဖြစ်စဉ်များကြောင့် ရေပိုလွှဲတချို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး လာမည့်မိုးရာသီတွင် စိတ်ချရသည့်အခြေအနေ ရရှိစေရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများအား ဆည်မြောင်းဦးစီးဌာနမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ အချိန်မီပြီးစီးအောင်မြင်နိုင်ရေး စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများသည် မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မဲဇလီရေလွှဲ ဆည်၊ မုန်းချောင်း၊ မန်းချောင်းနှင့် ကြီးအုံကြီးဝရေလှောင်တမံ၊ ကင်းတားရေလှောင်တမံ၊ ဆည်တော်ရေလှောင်တမံ၊ ငါ့သရောက်ရေလှောင်တမံ၊ စမာရေတံခါး၊ သီးပင်ကန်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဆည်၊ ကန်၊ ရေလှောင်တမံများ၏ တည်ဆောက်ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ရေသိုလှောင်ထိန်းသိမ်းထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ အချိန်မီပြီးစီးနိုင်ရေး၊ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာနေထိုင်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သူရအောင်**




## ရွှေ့ပြောင်းနေထိုင်သူများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်



**ဆင်ပေါင်ဝဲ မေ ၁၈**
ဆင်ပေါင်ဝဲမြို့၌ ရွှေ့ပြောင်းနေထိုင်သူများစာရင်းကောက်ယူခြင်းလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်စိုးက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများအား ရွှေ့ပြောင်းနေထိုင်သူများစာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မျိုးမျိုး(ဆင်ပေါင်ဝဲ)**

## အခြေခံပညာဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၉၇) သင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၁၈**
ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉၇) ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြား၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အမှာစကားပြောကြားရာတွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်၌ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဒီကမ္ဘာကြီးမှာ လှည့်ကြည့်လိုက်လို့ရှိရင် အင်မတန်သေးငယ်ပြီးတော့ သဘာဝသယံဇာတပစ္စည်းမရှိတဲ့ နိုင်ငံများပင်လျှင် အင်မတန်မှ ဩဇာလွှမ်းမိုးနေပြီး စီးပွားရေးအရ တိုးတက်မှုရှိနေတယ်ဆိုတာကို သတိပြုမိကြမှာဖြစ်ကြောင်း၊ ပြည်သူပြည်သားများကို အားကိုးကြောင်း၊ အစိုးရသစ်၏ ရည်ရွယ်ချက်တစ်ခုဟာ ပြည်သူပြည်သားများရဲ့ စွမ်းအင်တွေ၊ အရည်အချင်းတွေကို မြှင့်တင်ပေးဖို့ မှာကြားခဲ့သည့်အတိုင်း သဘာဝသယံဇာတဆိုတာ ထုတ်ယူသုံးစွဲမှုပေါ်မူတည်ပြီးတော့ အချိန်ကာလ အတိုင်းအတာတစ်ရပ်မှာ ကုန်ခန်းသွားနိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံမှာ တန်ဖိုးမြင့်မားတဲ့ လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ထားနိုင်မည်ဆိုပါက အဲဒီနိုင်ငံအဖို့ မကုန်ခန်းနိုင်တဲ့ သယံဇာတများ ပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူပြည်သားများရဲ့ စွမ်းအင်နှင့်အရည်အချင်းတွေ မြှင့်တင်ပေးနိုင်ဖို့အတွက် တန်ဖိုးမြင့်မားတဲ့ လူသားအရင်းအမြစ်များကို မွေးထုတ်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၂ ခုနှစ် World Economic Forum တွင် ယနေ့နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ထိုအချိန်က ပထမဆုံးပြည်ပမိန့်ခွန်းမှာ ပညာရေးကိုအခြေခံသည့် ပြုပြင်ပြောင်းလဲမှု Education Based Reform နှင့် လူထုအင်အားကို ဖွံ့ဖြိုးတိုးတက်စေခြင်း Empowerment of the people တိုးတက်အရေးပါမှုနှင့် လူထုစွမ်းအားကို မြှင့်တင်ပေးမည့် ပညာရေးကိုအခြေခံသည့် လူထုဗဟိုပြုသည့် ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်နိုင်မှသာ ဒီမိုကရေစီရဲ့အရသာကို လူထုက အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်းနှင့် လူထုစွမ်းအားမြှင့်တင်ရေး People Empowerment ကို အမျိုးသားရည်မှန်းချက် National Goal ဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း၊ သို့ဖြစ်၍ ပြည်သူ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများအနေဖြင့် ရိုးသားခြင်း (Honesty)၊ ဖြောင့်မတ်သမာဓိရှိခြင်း(Integrity)၊ ပုဂ္ဂိုလ်စွဲမရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း (Objectivity)နှင့် ဘက်မလိုက်ခြင်း၊ မျက်နှာမလိုက်ခြင်း၊ အဂတိမလိုက်ခြင်း (Impartiality) အစရှိသည့် ပြည်သူ့ဝန်ထမ်းကောင်းတို့၏ စံတန်ဖိုးများ (Core Values)တို့ကို အစဉ်အမြဲလက်ကိုင်ထား၍ ကျင့်သုံးဆောင်ရွက်သွားရန် အလေးအနက်တိုက်တွန်း ပြောကြားခဲ့သည်။

သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ပညာရေး)**

# CONGRATULATIONS

BMTRADA UKAS ISO 9001 Certificate number : 11089

Aung Thein Than Co.,Ltd သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့ UKAS မှပေးအပ်သည့် အရည်အသွေးစီမံခန့်ခွဲမှုစံနစ် (Quality Management System) ISO 9001:2008 အား ရရှိခဲ့ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုထက်ပိုမိုကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Chevron Singapore Pte Ltd.
Multico Infracore Holdings Pte Ltd.
Robert Bosch (SEA) Pte Ltd.
Atlas Copco Grupos Electrogenos Europa.
Hyundai Heavey Industries Co.,Ltd.
Nynas Pte Ltd. (Singapore)
Nankang Rubber Tire Corp., Ltd.

Sinopec Lubricant Co.,Ltd.
AP Oil International Limited.
Hella Asia Singapore Pte Ltd.
Launch Tech Co.,Ltd (China)
Sino Star International Trading Pte Ltd.
Fest Enterprises Singapore
Top-Mech Provincial Sdn. Bhd.







Branch Showroom ➤ အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

တစ်နိုင်ငံလုံးဒေသမရွေးသင်နိုင်ပြီ
၈၊ ၉၊ ၁၀တန်းခွဲများအတွက် guide
လုပ်ပေးသည်။ စင်ကာပူသုံး Online
စနစ် ဖြင့်ဂုဏ်ထူးများရှင်တို့မှ
သင်ပေးသည်။ လစဉ်ကြေး-၅၀၀၀၀ကျပ်
ဖုန်း-၀၉-၄၂၁၇၃၆၄၆၊ ၀၉-၂၅၄၂၆၃၃၈၃

## ပျောက်ဆုံးကြောင်း

၁၅-၅-၂၀၁၆ရက်တွင် Taxi-Probox အဖြူရောင်ကားငှားစီးရင်း ကားပေါ်တွင် လက်စွဲအိတ် အနက်ရောင်ထဲတွင် ဦးမောင်ထွန်း၏ မှတ်ပုံတင်[၁၂/ဒဂန(နိုင်)၀၂၆၇၄၈]၊ ဦးအောင်သူ၏ မှတ်ပုံတင်[၁၄/ဘကလ(နိုင်)၂၈၃၁၆၆] နှင့် ယာဉ်မောင်းလိုင်စင်တို့ မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါကကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဦးမောင်ထွန်း**
ဖုန်း-၀၉၅၀၅၃၇၃၈၊ ၀၉၄၂၀၇၂၇၄၀




## တိုက်ခန်းရောင်းမည်

(၁၂ ၃/၄ပေ×၅၀ပေ×၉မပေ) မြေညီထပ် ပြင်ဆင်ပြီး၊ အလင်းရောင်လမ်း၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။
ဖုန်း-၀၉ ၄၂၅၀ ၂၅၂၈၁

## ဒဂုံမြို့သစ်

**အရှေ့ပိုင်း**
**ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း**၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
**09-6809893**
**09-5120620**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

## ကြော်ငြာ

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(မေတ္တာမွန်)သိုလှောင်ရုံဝင်းအတွင်းရှိ ပျက်စီးနေသော သိုလှောင်ရုံ(၆)လုံး (သိုလှောင်ရုံ အမှတ်-၄၈၊ ၅၂၊ ၅၃၊ ၇၀၊ ၇၁ နှင့် ၈၃)စုစုပေါင်း(1) Lotအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ဖျက်သိမ်းရောင်းချမည် ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - ၂၀-၅-၂၀၁၆ရက်မှ ၃၁-၅-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါတင်သွင်းရမည့်နောက်ဆုံး နေ့ရက်နှင့်အချိန် | - ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ၁၂း၀၀ နာရီ |
| ၄။ | တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် | - ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီ |
| ၅။ | တင်ဒါပုံစံရောင်းချခြင်း၊တင်သွင်းခြင်း နှင့်ဖွင့်လှစ်ခြင်းပြုလုပ်မည့်နေရာ | - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ကမ်းနားလမ်းသစ်၊ (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ Toll Gate အနီး)ဆိပ်ကမ်းမြို့နယ်။ |

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ်- ၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂တို့သို့ စုံစမ်းနိုင်ပါသည်။

**သိုလှောင်ရုံများ ဖျက်သိမ်းရောင်းချရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**မွေးသက္ကရာဇ်မှန်**

ဦးအေးထွန်း၏သားဖြစ်သူ မောင်ဘုန်းသက်ဇော်၊ စတုတ္ထတန်း အမက-ငွေတောင်(သကံ၀)၊ ဘိုကလေးမြို့နယ်၏ မွေးသက္ကရာဇ်အမှန်သည် ၁၃-၉-၂၀၀၇ဖြစ်ပါသည်။

---

**သန်းဓမ္မနှင့်ရောင်းရင်းများ** ✲ ကျိုက်ထီးရိုး/ရွှေသာလျောင်း(မှန်)

✲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ခွယ်တော်လေးဆူ)၊ ပခုက္ကူ (၄)ရက်။
✲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ မွေတော်ကတ္တူ (၄)ရက်။
✲ မန္တလေး၊ ကျောက်စိမ်းစေတီ၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်(၃)ရက်။
✲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ (၅)ရက်။
✲ မော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီ၊ စက်ခဲတမ်းခြေ (၂/၃)ရက်။
✲ ကျိုက်ထော်ရေတော်ခွန်၊ ဘားအံ ဂူ(၅)ဂူ (သောကြာ/စနေ)
✲ ပြည်၊ အကောက်တောင်၊ နဂါးရစ် (စနေ/တနင်္ဂနွေ)
✲ ဇလွန် ✲ နေပြည်တော် ✲ မဲလဲဆံတော်ရှင် (စနေ/တနင်္ဂနွေ)

**May 20, 27 Jun 3,10,17,24** ✲ ကားစီးလုံးငှားစီစဉ်ပေးသည်

အမှတ်(၄၂၅)ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

---

**ရွှေလမ်းခရီး** ... ✲ ကျိုက်ထီးရိုး/ရွှေသာလျောင်း

✲ ပုဂံ၊ (ခွယ်တော်လေးဆူ) (ပြည့်ဝင်းပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ - သီဟိုဠ်ရှင်
✲ တောင်ကြီး (မွေတော်ကတ္တူ)၊ (ထမ်းဝမ်းလှိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ
✲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝေဠုဝန်ကျောက်စိမ်းစေတီတော်
✲ ထားဝယ် ရှင်ကိုးရှင်၊ မြေ့ဂျိမ်၊ မောင်းမကန်ကမ်းခြေ ဘုရားစုံ
✲ မော်လမြိုင်၊ ဇွဲကပင်တောင်၊ ကျိုက်မရော၊ ကျိုက္ကမီ၊ စက်ခဲကမ်းခြေ
✲ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ၊ မန္တလေး၊ ပြင်ဦးလွင် ဘုရားစုံ
✲ ကယားပြည်နယ် လွိုင်ကော်၊ တောင်ကွဲစေတီ၊ ကလောဘုရားစုံ
✲ ဇလွန်ပြည်တော်ပြန် ✲ ပြည်၊ အကောက်တောင် ✲ ကျိုက်ထော်ရေတော်ခွန်နှင့်သမိုင်းဝင်ဂူ

01371317, 095124678, 098627170

---

**UNIQUE STAR** TRAVELS & TOURS

ဗန်ကောက် ခရီးစဉ် [ Dream / Safari World, Tiger Zoo, Nong Nooch Garden, Koh Larn Island, Emerald Buddha , Baiyoke Sky / Cruise Dinner, Ayutthaya , Alcarza Show]

May: 21, 28 / June: 4, 11, 18, 25 / July: 2, 9, 16, 23, 30 (200 $ / 300 $ / 400 $)

ဖီယက်နမ်-ဟိုချီမင်း-ဟန္တိုင်း-ဟာလောင်းပင်လယ်အော် ခရီးစဉ်

May: 21, 28 / June: 4, 11, 18, 25 / July: 2, 9, 16 (200 $ / 300 $ / 400 $)

စင်ကာပူ ခရီးစဉ် May: 28 / June: 11, 25 / July: 9, 16 (500 $)

No.(70/A) , Kabaaye Pagoda Rd ,Bahan Tsp, Yangon. Ph: 860 4964 , 860 4965 708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166.

---

**ဖခင်အမည်မှန်**

ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ ဒေးဒလူအုပ်စု၊ ချောင်းဝရွာ အ-လ-က (ချောင်း၀၊ တွဲဖက်) ဆဋ္ဌမတန်းမှ မမေဇင်မြတ်နှင့် နဝမတန်းမှ မယဉ်မင်းမြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်**
**[၁၄/အမတ(နိုင်)၀၀၉၅၆၉]**

---

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ကျွန်တော် မောင်ထွန်းမြတ်စိုး(ခ)Tommy Tun (USA) [၁၂/ဒဂတ(နိုင်)၀၀၀၆၂၃]နှင့် ကျွန်မ မမိုးပွင့်ဖြူ [၁၁/စတန(နိုင်)၀၅၃၅၉၇]တို့သည် ၈-၄-၂၀၁၆ ရက်တွင် နှစ်ဖက်လူကြီးမိဘစုံရာရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ထွန်းမြတ်စိုး(ခ)**Tommy Tun(USA)**

---

အမေရိကန်ကောလိပ်နှင့်တက္ကသိုလ်များ၊ စင်ကာပူအမျိုးသားတက္ကသိုလ် (NUS)နှင့် စင်ကာပူ၊ထိုင်း အင်ဂျင်နီယာကျောင်းများ၊ ဩစတြေးလျတက္ကသိုလ်များ၊ အင်္ဂလန်ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာတက္ကသိုလ်များပါဝင်ကာ တက္ကသိုလ်ပေါင်း(၁၀၀) ကျော်၏ သတင်းအချက်အလက်များရယူနိုင်မည့်

## "၂၀၁၆ - နိုင်ငံတကာတက္ကသိုလ်များပညာရေးပြပွဲကြီး"



CROWN EDUCATION
Award Winning Company

**27 May(Fri),2016**
10:00 am - 2:00 pm
SUMMIT PARKVIEW HOTEL (BALLROOM)

ပွဲတက်ရောက်သူများ ပြိုင်ပွဲကောင်စီနှင့် CROWN Education တို့မှ ပေးအပ်မည့် 100% IELTS ပညာသင်ဆု လျှောက်ထားနိုင်ပါသည်။

Call us : 01 527 838, 09 732 732 77, 09 730 40 688, 09 450 200 080

---




ယခုပဲ နိုင်ငံတစ်ဝန်းမှာရှိတဲ့ နီးစပ်ရာ MAB အေးဂျင့် နှင့် MAB ဘဏ်ခွဲများသို့ အရောက်သွားပြီး ရိုးရှင်းမြန်ဆန်သော မှတ်ပုံတင်ခြင်းနှင့် အတူ MAB မိုဘိုင်းဘဏ်၏ငွေကြေးနှင့် အခြားဝန်ဆောင်မှုများကို စတင်သုံးစွဲလိုက်ပါ။

အသေးစိတ်အချက်အလက်များကို Call Center နံပါတ် ၀၁ ၈၆၁၀၆၀၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

MAB MOBILE BANK
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်

မြန်မာ့ရှေ့ဆောင်ဘဏ် ®

www.mabbank.com

# မြဝတီဘဏ်လီမိတက်၏ (၅၇) ဘဏ်မြောက်
## 'ရပ်စောက်' ဘဏ်ခွဲကို

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့တွင် ၁၉.၅.၂၀၁၆ ရက် (ကြာသပတေးနေ့) ၌
ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို
ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။

**" လိုငွေကူညီ မြဝတီ ၊ မှန်သည် မြန်သည် မြဝတီ "**

ဆက်သွယ်ရန်လိပ်စာ

မြဝတီဘဏ်လီမိတက် (ရပ်စောက်)

ရပ်စောက် – ရွှေညောင်ကားလမ်းဘေး၊ တံတားမိုးအနောက်၊ ဇော်ဂျီရပ်ကွက်၊ ရပ်စောက်မြို့။

ဖုန်း – ၀၈၁ ~ ၂၀၄၂၅၆၊ ၂၀၄၂၅၈၊ ၂၀၄၂၆၀

ဖက်(စ်) – ၀၈၁ ~ ၂၀၄၂၅၇၊ ၂၀၄၂၅၉

---

**ဖောင်းကြွပျောက်ဆုံးလျှော့ကျထားခြင်း**

ယာဉ်အမှတ် 2G-4061 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သိတာနွယ်လမ်း၊ တိုက်အမှတ်(၃/A)၊ ဒုတိယထပ်ဟုခေါ်တွင်သော( 12½' × 50' )အကျယ်အဝန်းရှိတိုက်ခန်းအပါအဝင်ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသူ(မြေရှင်)ဒေါ်ဟာမီဒါ(MNO - ၂၇၅၃၇၃)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူဦးဇော်မိုး(၁၂/တမန(နိုင်)၁၀၀၇၄၂)က(၇.၃.၂၀၁၃)ရက်နေ့က ဝယ်ယူပြီးဖြစ်ပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေများ

| | | | |
|---|---|---|---|
| ဦးသန်းညွှန့်(စဉ်–၃၅၅၀) | ဦးအောင်နိုင်ဦး(စဉ်–၄၂၇၂) | ဦးမျိုးညွှန့်(စဉ်–၅၁၄၂) | ဒေါက်တာထွေးဇင်သော်(စဉ်–၉၃၀၁) |
| LL.B,C.P.T,C.J.T | LL.B | LL.B,D.B.L | LL.B,LL.M,M.Res,Ph.D |

အထက်တန်းရှေ့နေများ

| | | |
|---|---|---|
| ဒေါ်လှိုင်ယဉ်မွန် (စဉ်–၄၀၆၄၈) | ဒေါ်အေးသူဇာ (စဉ်–၃၀၂၆၄) | ဒေါ်ထွေးစုလှိုင် (စဉ်–၃၄၅၁၇) |
| LL.B | LL.B,D.B.L,D.I.L | LL.B,D.B.L,D.I.L |

**" စိုင်း ခွန် နောင် " ကုမ္ပဏီ(အိမ်၊ ခြံ၊ မြေ)နှင့်ဥပဒေအကြံပေးလုပ်ငန်း**

ရုံးချုပ် – အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ – ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉၈

---

မှတ်ပုံ ACADEMY တင်ပြီး




တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး

**အကယ်ဒမီ**

ကြွပြားရိုးချွတ်ဆေးကိုသုံးပါ

အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

Tel : 95-1-374797, 384944, 254146 , 385858, 242726

Email : academychemicalburma@gmail.com, VIBER -09 250150 990

---

**အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်**

**Winner Super Diamond Pile Co., Ltd.**
**W.S.D Group**



# W.S.D Pile

**Licence No.PL-12**

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph:01-381964, 09-73131288, 09-73150482, 09-977909888, 09-250499988
Off: Ph- 09-250 288811, FAX: 01-381964, Email: wsdmyanmar@gmail.com

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဇော်ထွန်း**

**အသက်(၅၅)နှစ်**

Chairman

(Pinlon Group of Hospitals)

**ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ ဥတ္တရသီရိဆေးရုံ-နေပြည်တော်**

Universal Medical Centre Co.,Ltd.

